# ယနေ့မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၄၀)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ ၉-၁၁-၂၀၂၄၊ စနေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့ရှိ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီးမင်းအောင်လှိုင် ဦးဆောင် သည့် မြန်မာအဆင့်မြင့်ကိုယ်စား လှယ်အဖွဲ့သည် ယနေ့တွင် ချုံချင့် မြို့ရှိ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာသည်။

### Zhongyue Aviation UAV Firefighting-Drone Co.,Ltd.

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်နှင့် အဖွဲ့ဝင်များသည် Zhongyue Aviation UAV Firefighting-Drone Co.,Ltd. သို့ ရောက်ရှိကြရာ ကုမ္ပဏီမှ Founder & Chairman ဖြစ်သူ Mr. CAO, Bing နှင့် တာဝန်ရှိသူများ က ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကုမ္ပဏီပြခန်းအတွင်း ကုမ္ပဏီ၏ သမိုင်းအကျဉ်းနှင့် နှစ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုများ၊ သုတေသန ပြုလုပ်ဆောင်ရွက်ခဲ့ မှုများနှင့် လူသားအကျိုးပြု

စာမျက်နှာ ၃ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Zhongyue Aviation UAV Firefighting-Drone Co.,Ltd. မှ ထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် အဆင့်မြင့်ဒရုန်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။

## ယနေ့ ဖတ်စရာအညွှန်း


လမ်းတေးအား ခေါ်ယူရန် အဲဗာတန်အသင်း စီစဉ် — စာမျက်နှာ ၁၁

ကြေးနောင်အကြောင်း သိကောင်းစရာ(ဆောင်းပါး) — စာမျက်နှာ ၁၇

အသက် ၁၆ နှစ်အောက်အရွယ် ကလေးသူငယ်များကို ဩစတြေးလျဝန်ကြီးချုပ်က လူမှုကွန်ရက်မသုံးစေလို — စာမျက်နှာ ၁၈


## မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၈ ရက် ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

မိုး/ ၈လ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်၊ စနေနေ့။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိ

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးသမိုင်းတစ်လျှောက်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။

နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားပြောင်းလဲမှုဖြစ်စဉ်များနှင့်အတူ အသွင်အမျိုးမျိုးဖြင့် ပြုပြင်ပြောင်းလဲပြီး ယနေ့ခေတ်ကာလတိုင်အောင် နိုင်ငံတော်၏ အုပ်ချုပ်ရေးကို အထောက်အကူပြုသည့် ဌာနကြီးတစ်ခုအနေဖြင့် ဆက်လက်ရပ်တည်နိုင်ခဲ့ခြင်းသည် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရာဂီတိုင်ဖွန်းမုန်တိုင်းအရှိန်ကြောင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသည် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့်အတူ ထဲထဲဝင်ဝင်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည့်အပေါ် ဌာနအနေဖြင့် များစွာဂုဏ်ယူရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည့် (၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ယခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ လူဦးရေနှင့် အိမ်အကြောင်းအရာကိန်းဂဏန်း၊ အချက်အလက်များကို နိုင်ငံတစ်ဝန်း တစ်ပြိုင်တည်း ကွင်းဆင်းကောက်ယူခဲ့ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်၊ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို "မူဝါဒ"အဖြစ်ခံယူပြီး ကျရာအခန်းကဏ္ဍမှ စိတ်ရင်းစေတနာအမှန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အရာထမ်း၊ အမှုထမ်းများအနေဖြင့် လိုအပ်သည့်အခန်းကဏ္ဍမှ ပါဝင်၍ ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ နိုင်ငံ့အကျိုးကို အစဉ်သယ်ပိုးနိုင်ပြီး အရည်အသွေးပြည့်ဝသည့် အုပ်ချုပ်ရေးဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ဌာန၏ရည်မှန်းချက်များဖြစ်သည့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ဌာန၏ မူဝါဒများဖြစ်သည့် နိုင်ငံတော်မူဝါဒ လိုက်နာရေး၊ အခြေခံသဘောတရားနှင့် ကိုက်ညီရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေရေးတို့နှင့်အညီ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိပြီး နိုင်ငံအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီးဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားတွင် ယနေ့ မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ တိုက်ရိုက်ရောင်းချမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှ စတင်ကာ နေ့စဉ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## ပြည်ကြီးရန်လုံရပ်ကွက်တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်



**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်တွင် ယနေ့ နံနက်ပိုင်းက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို တစ်အိမ်တက်ဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အောင်မြေသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးမှူး ဦးရန်ကင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များဖြင့် ရပ်ကွက်အတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာပေးခြင်းများကို ဆောင်ရွက်ကြရာ ရေကန်များအတွင်း ကလိုရင်းဆေးခပ်ပေးခြင်းများ၊ သောက်ရေများတွင် ရေသန့်ဆေးပြားများထည့်ပေးခြင်း၊ ဆေးဖျန်းခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၄)**

## တန်ဆောင်တိုင်ပွဲတော်အထိမ်းအမှတ် (Talk Show) ကျင်းပ




**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (COMMUNITY CENTRE) တွင် တန်ဆောင်တိုင်ပွဲတော်အထိမ်းအမှတ် Talk Show ကို နိုဝင်ဘာ ၇ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါ Talk Show အား မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ရည်မွန်သူ ဦးဆောင်၍ ဦးစီးအရာရှိ ဒေါ်ခင်စောလွင်နှင့် ကဗျာဆရာ မင်းမြတ်မိုး (မန်းမြေ)တို့က အမေး၊ အဖြေများပြုလုပ်၍ တန်ဆောင်တိုင်ပွဲတော် အထိမ်းအမှတ် သိကောင်းစရာများအား ဆွေးနွေးကြသည်။

ဆက်လက်၍ ကဗျာဆရာ မင်းမြတ်မိုး(မန်းမြေ)က တန်ဆောင်မုန်းလနှင့် တန်ဆောင်တိုင်ပွဲတော်ဖြစ်ပေါ်လာခြင်း ကျင်းပခြင်းကို Youtube Channel Online တွင် အတိုအချုပ် ဟောပြောခဲ့ကြောင်း သိရသည်။ **(ဝဇ္ဇ)**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် SERES မော်တော်ကားကုမ္ပဏီ၏ စက်ရုံအတွင်း ကားထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုလေ့လာစဉ်။

○ ရှေ့ဖုံးမှ

ဆောင်ရွက်ချက် များကြောင့် ပြည်တွင်း ပြည်ပမှ ချီးမြှင့်ခြင်း ခံခဲ့ရသည့် ဆုတံဆိပ်များကို လိုက်လံရှင်းလင်းပြသပြီး လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင် အဆင့်မြင့်ဒရုန်းများ အသုံးပြု၍ ကူညီဆောင်ရွက်ခဲ့သည့် မှတ်တမ်း Video ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီကထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုသည့် အဆင့်မြင့်ဒရုန်းများ ခင်းကျင်းပြသထားရှိမှုကို လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက အထပ်မြင့် အဆောက်အအုံများ၊ တောမီး လောင်ကျွမ်းမှုများနှင့် အခြားသော သဘာဝဘေး ကယ်ဆယ်ရေးလုပ်ငန်းတို့တွင် ဒရုန်းများအသုံးပြု၍ ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြကြပြီး ဒရုန်းဖြင့် မီးငြိမ်းသတ်မှုအား လက်တွေ့သရုပ်ပြသသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Chongqing International Logistics Hub Park တွင် ကြည့်ရှုလေ့လာစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ကုမ္ပဏီတာဝန်ခံအား ယခုကဲ့သို့ အဆင့်မြင့် နည်းပညာများကို အသုံးပြု၍ လူသားအကျိုးပြု ဒရုန်းများ တီထွင်ထုတ်လုပ်မှုနှင့် ဘေးအန္တရာယ် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှုကို ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**SERES မော်တော်ကားကုမ္ပဏီ**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် SERES မော်တော်ကားကုမ္ပဏီသို့ သွားရောက်လေ့လာကြရာ ကုမ္ပဏီမှ Chairman ဖြစ်သူ Mr. Li Bo နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကားစက်ရုံ၏သမိုင်းအကျဉ်း၊ ကုမ္ပဏီက ထုတ်လုပ်လျက်ရှိသည့် ကားအမျိုးအစားများကို ပြကွက်တစ်ခုချင်းစီအလိုက်၊ ကားအမျိုးအစားအလိုက် အချက်အလက်များနှင့် စက်ရုံအတွင်း ကားထုတ်လုပ်နေမှုအဆင့်ဆင့်ကို အသေးစိတ်လိုက်လံရှင်းလင်းပြသကြရာ သိရှိလိုသည်များ ပြန်လည်မေးမြန်းခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ကုမ္ပဏီက

စာမျက်နှာ ၄ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား SERES မော်တော်ကားကုမ္ပဏီမှ Chairman ဖြစ်သူ Mr. Li Bo က ကုမ္ပဏီမှထုတ်လုပ်ထားသည့် မော်တော်ကားပုံစံငယ်ကို ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Weima လယ်ယာစက်မှု ထုတ်ကုန်ကုမ္ပဏီမှ ထုတ်လုပ်ထားသည့် စက်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

○ စာမျက်နှာ ၃ မှ

ထုတ်လုပ်သည့် မော်တော်ကား ပုံစံငယ်ကို ဂါရဝပြုပေးအပ်ရာ အမှတ်တရ လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

**Chongqing International Logistics Hub Park**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Chongqing International Logistics Hub Park သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်-ဥရောပ-အနောက်နိုင်ငံတို့အကြား ကုန်စည်စီးဆင်းလျက်ရှိသည့် ကုန်းလမ်း၊ ရေလမ်း လမ်းပြမြေပုံ၊ ချုံချင့်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုသမိုင်း၊ ယန်စီမြစ်ပေါ်ရှိ ကုန်စည်စီးဆင်းမှု ဆိပ်ကမ်းများနှင့် လမ်းပန်းဆက်သွယ်ရေးနှင့် မြို့ပြပုံစံငယ်တို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ရှင်းလင်းပြသမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

**Weima လယ်ယာစက်မှု ထုတ်ကုန်ကုမ္ပဏီ**

ဆက်လက်၍ မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Weima လယ်ယာစက်မှုထုတ်ကုန် ကုမ္ပဏီသို့ သွားရောက်လေ့လာကြရာ ဥက္ကဋ္ဌဖြစ်သူ Mr. Yan Hua နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ကုမ္ပဏီ၏ သမိုင်းအကျဉ်းနှင့် အိမ်နီးချင်းနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများသို့ လယ်ယာလုပ်ငန်းသုံး ထုတ်ကုန်စက်ပစ္စည်းများ၊ ရေစုပ်စက်၊ မီးစက်၊ နှင်းရှင်းစက်နှင့် လမ်းရှင်းစက်များ တင်ပို့ရောင်းချရလျက်ရှိမှု၊ ကုမ္ပဏီမှထုတ်လုပ်ထားရှိသည့် စက်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုနှင့် အဆင့်ဆင့်ထုတ်လုပ်နေမှုတို့ကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Chongqing Planning Exhibition ပြတိုက်တွင် မြို့ပြပုံစံငယ်များ ပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။

**Chongqing Planning Exhibition ပြတိုက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Chongqing Planning Exhibition ပြတိုက်သို့ ရောက်ရှိကြရာ ချုံချင့်မြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြတိုက်မှ တာဝန်ရှိသူများက ချုံချင့်မြို့၏ ခေတ်အဆက်ဆက် ဖြစ်ပေါ်ပြောင်းလဲတိုးတက်ခဲ့မှုများ၊ ဒေသနေပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်လာမှုနှင့် ရိုးရာယဉ်ကျေးမှုပုံစံများ၊ မြို့ပြပုံစံငယ်များ၊ ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်နေမှုကို ဖော်ပြထားသည့် အထူးပြုလုပ်ချက် ဗီဒီယိုများ စသည်ဖြင့် ပြကွက်တစ်ခုချင်းစီအလိုက် လိုက်လံရှင်းလင်းပြသကြရာ သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြတိုက်ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ပြတိုက်တာဝန်ခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချုံချင့်မြို့ရှိ Yuantongsi သင်္ဘောဆိပ်သို့ ရောက်ရှိပြီး ယန်စီမြစ်အတွင်း သင်္ဘောစီး၍ လေ့လာခဲ့ကြကြောင်းနှင့် သင်္ဘောပေါ်တွင် လိုက်ပါလာသည့် ချုံချင့်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ တရုတ်-မြန်မာ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၈

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ချုံချင့်မြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun နှင့် ယနေ့ညနေပိုင်းတွင် Yuzhou Hotel ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီ အတွင်းရေးမှူးက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက်တွေ့ဆုံဆွေးနွေးရာ၌ ချုံချင့်မြို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အချက်အချာကျသည့်နေရာတွင် တည်ရှိပြီး ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့် ချုံချင့်မြို့သို့ ခရီးစဉ်လာရောက်မှုသည် မြန်မာ-ချုံချင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ လမ်းစတစ်ခုဖြစ်သည့် အခြေအနေများနှင့် ချုံချင့်မြို့နယ်အနေဖြင့် ၎င်းတို့၏ နည်းပညာ အားသာချက်များ၊ လမ်းပန်းဆက်သွယ်မှု အချက်အချာကျသည့် အားသာချက်များအပေါ်တွင်မူတည်၍ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် ဆောင်ရွက်သွားနိုင်မည့်အလားအလာများ၊ မြန်မာနိုင်ငံနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုဖလှယ်မှုများ၊ ပညာရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍမြှင့်တင် ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။


တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာကြသည့် အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီ ကော်မတီအတွင်းရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီ ကော်မတီ အတွင်းရေးမှူးတို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ခရီးစဉ်တွင်လိုက်ပါလာကြသည့် အဖွဲ့ဝင်များသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူးက တည်ခင်းဧည့်ခံသည့် ညစာကို အတူတကွသုံးဆောင်ခဲ့ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အတွင်းရှိ အထင်ကရနေရာများ၊ စက်ရုံ၊ အလုပ်ရုံများ၊ တက္ကသိုလ်များသို့ ဆက်လက်လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။


သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီ အတွင်းရေးမှူး Mr. Yuan Jiajun တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီ အတွင်းရေးမှူး Mr. Yuan Jiajun က တည်ခင်းဧည့်ခံသည့် ညစာကို အတူတကွသုံးဆောင်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချူချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချူချင့်မြို့သို့ရောက်ရှိ၊ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၈

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပခဲ့သည့် အဋ္ဌမ အကြိမ်မြောက်မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion–GMS) အပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၇ ရက် ညနေပိုင်းတွင် ကူမင်းမြို့မှ ချူချင့်မြို့သို့ထွက်ခွာရာ တရုတ်ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီ အဖွဲ့ဝင် Mr. Yang Yalin နှင့် တာဝန်ရှိသူများ၊ တရုတ်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များက နှစ်နိုင်ငံ အလံများဝှေ့ယမ်း၍ ရိုးရာ ယဉ်ကျေးမှုအကအလှများ ကပြကာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် ချူချင့်မြို့ ကျန်းပေ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ချူချင့်မြို့ ဒုတိယမြို့တော်ဝန် Mr. Shang Kui နှင့် အဖွဲ့ဝင်များ၊ ချူချင့်မြို့ရှိ မြန်မာ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်းနှင့် တာဝန်ရှိသူများက ပန်းစည်းကမ်း၍ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များလိုက်ပါ၍ ချူချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားသည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ချူချင့်မြို့ ဒုတိယမြို့တော်ဝန် Mr. Shang Kui နှင့်အဖွဲ့ဝင်များ၊ ချူချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်းနှင့် တာဝန်ရှိသူများက ချူချင့်မြို့ ကျန်းပေအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

နိုင်ငံတော် ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံးခန်း အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံရာ ကောင်စစ်ဝန်ချုပ်က စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြား နယ်ပယ်ပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံးတွင် နိုင်ငံ့ တာဝန်ထမ်းဆောင်နေသူများအနေဖြင့် သံတမန်ရေးရာဆိုင်ရာ ဆက်ဆံရေးသာမက အခြား ကဏ္ဍများ၌လည်း အောင်မြင်အောင် ဆောင်ရွက်သွားနိုင်ကြရန် လိုကြောင်း၊

စာမျက်နှာ ၇ သို့ ◯



## ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကူမင်းမြို့မှ ချူချင့်မြို့သို့ထွက်ခွာရာ တရုတ်ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Yang Yalin နှင့် တာဝန်ရှိသူများ၊ တရုတ်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

○ စာမျက်နှာ ၆ မှ

နှစ်နိုင်ငံအကြား အကျိုးတူစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ပါက ကူးလူးဆက်ဆံမှုများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများအတွက် အကျိုးစီးပွားကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေးကိုလည်း မြှင့်တင်နိုင်မည် ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် လူ့သားအရင်းအမြစ်များ အများအပြားမွေးထုတ်ပေးနိုင်ခြင်းပင် ဖြစ်သည့်အတွက် ပညာရေးမြှင့်တင်မှု အခန်းကဏ္ဍအတွက်လည်း သံတမန်ဝန်ထမ်းများအနေဖြင့် ဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ တာဝန်များကို ထမ်းဆောင်ရာတွင် မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ခြင်း၊ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ခြင်း၊ ဆက်ဆံရေးကောင်းမွန်ခြင်းတို့ဖြင့် မိမိတို့နိုင်ငံ၏ ဂုဏ်ကိုလည်း မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာ-တရုတ် ချစ်ကြည်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးတွင် အဓိက အထောက်အကူပြုသည့် နေရာတစ်ခုအဖြစ် ရောက်ရှိအောင် ဆောင်ရွက်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ပါစေကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**ထောက်ပံ့ငွေများပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင် ပစ္စည်းများနှင့် ချီးမြှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ ကောင်စစ်ဝန်ချုပ်နှင့် ပညာတော်သင် သင်တန်းသားတို့က လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ချုံချင့်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရလက်မှတ်ရေးထိုးပေးပြီး ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဆွေမျိုးပေါက်ဖော် ရွှေ့ခရီး

❖ အိမ်နီးနားချင်း၊ ချစ်ကြည်ခြင်းသည်<br>
ကောင်းခြင်းဖြာဖြာ မင်္ဂလာတည့်။<br>
❖ ရပ်နီးနားချင်း၊ ဖေးကူခြင်းသည်<br>
ရင်းနှီးချစ်ခင်၊ သံယောဇဉ်ကို<br>
ထင်ရှားပြသ နေသည်တကား။<br>
❖ အိမ်ရှေ့ အိမ်နောက်<br>
အိမ်အောက် အိမ်ပေါ်<br>
တိုင်ပင်ဖော်ဟု၊ ယုံကြည်မှုဖြင့်<br>
လူမှုအရေး၊ စီးပွားရေးနှင့်<br>
ပြည့်ရေးပြည့်ရာ၊ အဖြာဖြာကို<br>
သူ့, ငါ ကောင်းကျိုး၊ ဆတက် တိုးအောင်<br>
ကြိုးပမ်းဆောင်မြန်း၊ အခန်းခန်းလျှင်<br>
ရှင်လန်းကြည်နူး ဖွယ်တကား။<br>
❖ ဩော် အတီအတော၊ ရှေးပဝေမှ<br>
မသွေခုတိုင်၊ မယိမ်းယိုင်ဘဲ<br>
ခိုင်မြဲချိတ်ဆက်၊ ပေါင်းစုလက်ဖြင့်<br>
နှစ်ဖက်ပြည်ထောင်၊ ပြည်ကျိုးဆောင်မည်<br>
အောင်မည်ခံယူ မုချတည်း။<br>
ဆွေမျိုးပေါက်ဖော် ရွှေ့ခရီး။ ။

မျိုးမြတ်မြတ်မြင့်မောင်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်သည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်သည့် အင်္ဂမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးအပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra နှင့် ကူမင်းမြို့ရှိ Wyndham Grand ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ခွဲခြား၍မရသည့် အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး တစ်နိုင်ငံ၏အရေးကိစ္စသည် တစ်နိုင်ငံအပေါ် သက်ရောက်မှုရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ အလုပ်သမားဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ဝန်ကြီးဌာနအချင်းချင်းနှင့် ဌာနဆိုင်ရာ အချင်းချင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် ချမှတ်ထားသည့်ဦးတည်ချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးချုပ်တို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

- ❖ ယခုနှစ်မိုးရာသီကာလတွင် မိုးများပြားစွာရွာသွန်းခဲ့ခြင်း၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် မြေသားများ စိုထိုင်းဆများပြားလျက်ရှိပြီး ကျစ်လျစ်မှုအားနည်းနေသည့်အတွက် ယခင်ရာဂီကဲ့သို့ မိုးရေချိန်လက်မများစွာ ရရှိပါက တိုင်းဒေသကြီး / ပြည်နယ်အချို့တွင် ထိခိုက်လာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရန် လိုအပ်
- ❖ ထိုသို့ကြိုတင်ပြင်ဆင်ရေးဆောင်ရွက်ရာတွင် ကြိုတင်သတိပေးချက်များထုတ်ပြန်ခြင်း၊ ယခင်အတွေ့အကြုံအရ ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သည့်နေရာများတွင် နေထိုင်သူများကို ပြောင်းရွှေ့နေရာချထားနိုင်ရန်အတွက် ရွှေ့ပြောင်းမည့်နေရာများ သတ်မှတ်ခြင်း၊ ရေသန့်နှင့်အစားအသောက်များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ရွှေ့ပြောင်းရန် ယာဉ်ယန္တရားများ စုဖွဲ့ပြင်ဆင်ထားခြင်း၊ အချိန်မီရွှေ့ပြောင်းခြင်း၊ ရွှေ့ပြောင်းရန်လိုအပ်သူများအား ရွှေ့ပြောင်းပေးရာတွင်လည်း ငြင်းဆန်သူများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ စည်းရုံး၊ တိုက်တွန်းရွှေ့ပြောင်းပေးနိုင်ရေးတို့ကို ကြိုတင်ပြင်ဆင်ထားရမည်

❂ စာမျက်နှာ ၂၄ မှ

မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ကမ္ဘာ့နိုင်ငံအများအပြား တွေ့ကြုံခံစားနေရပြီး ပြင်းထန်သည့်သဘာဝဘေး များဖြစ်သော ရတ်တရက်ရေကြီးခြင်း၊ ပြင်းထန်အားကောင်းသည့် မုန်တိုင်းကြီးများဖြစ်ပေါ်ခြင်းများကို တွေ့ကြုံခံစားနေရကြောင်း၊ အမေရိကန်နိုင်ငံတွင် ၂၀၂၄ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလ အတွင်း ရက်သတ္တနှစ်ပတ်ခန့်ခြားကာ အင်အားအလွန်ပြင်းထန်သည့် ဟာရီကိန်းမုန်တိုင်းများဖြစ်သော Helene၊ Milton၊ Leslie မုန်တိုင်းများဖြစ်ပွားခဲ့၍ လူသန်းနှင့်ချီပြီး ရွှေ့ပြောင်းခဲ့ရသကဲ့သို့ အမေရိကန်ဒေါ်လာ ဘီလီယံရာနှင့်ချီပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့အပြင် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကလည်း စပိန်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ရေဘေးကြောင့် သေဆုံးသူ ၂၀၀ ကျော်ခန့်ရှိခဲ့သည်ကို တွေ့ရှိရကြောင်း။ အလားတူ ဖိလစ်ပိုင်နိုင်ငံတွင်လည်း သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း။

**ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်နေရ**

မြန်မာနိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများကဲ့သို့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့်ဖြစ်ပေါ်သည့်သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နေရပြီး သဘာဝဘေးအန္တရာယ် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေအများဆုံး စာရင်းထဲတွင် ပါဝင်နေကြောင်း၊ ယခုလတ်တလောတွင် မုတ်သုံကာလလွန်မြောက်ပြီ ဖြစ်သော်လည်း တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသည့် လေအေးများတွေ့ဆုံမှုကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်သည့်အတွက်လည်းကောင်း ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ နိုဝင်ဘာ ၇ ရက်က ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မိုးရေချိန် ရှစ်လက်မခန့် ရွာသွန်းမှုဖြစ်ပေါ်ခဲ့ကြောင်း။

ထို့ပြင် တိုင်ဖွန်းမုန်တိုင်း ရင်ရှင်း (YINXING)သည် နိုဝင်ဘာ ၇ ရက်တွင် ဖိလစ်ပိုင်နိုင်ငံကို ဝင်ရောက်ခဲ့ပြီး အနောက်ဘက်နှင့် အနောက်မြောက်ဘက်ဆီသို့ ဦးတည်လျက်ရှိသည်ကို သတင်းများ၌ တွေ့ရကြောင်း၊ မုန်တိုင်းလမ်းကြောင်းသည် ယခင်ရာဂီမုန်တိုင်း ဝင်ရောက်ခဲ့သည့် လမ်းကြောင်းနှင့် တူညီကြောင်း သိရှိရကြောင်း၊ ယခင်ရာဂီမုန်တိုင်း ဝင်ရောက်စဉ်က စက်တင်ဘာ ၂ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ၊ ၇ ရက်တွင် ဗီယက်နမ်နိုင်ငံ၊ ၈ ရက်နှင့် ၉ ရက်တို့တွင် မြန်မာနိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခုဖြစ်စဉ်တွင် တိုင်ဖွန်းမုန်တိုင်း ရာဂီအဖျားခတ်ချိန်၌ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် မုန်တိုင်းငယ်ဖြစ်ပေါ်ချိန်တိုက်ဆိုင်လျက် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသနှင့် ရှမ်းပြည်နယ်တို့တွင်မိုးကြီးပြီး ရေလွှမ်းဒုက္ခဘေးခံစားခဲ့ရသလို ယခုအခါလည်း မြန်မာနိုင်ငံအပေါ်၌လေအေးစီးကြောင်းနှင့်လေနွေးစီးကြောင်းထိတွေ့မှုကြောင့် မိုးရွာသွန်းချိန် ဖိလစ်ပိုင်မှ တိုင်ဖွန်းမုန်တိုင်းရင်ရှင်းကလည်း ဗီယက်နမ်နိုင်ငံဘက်သို့ ဦးတည်ချိန်နှင့် ဖြစ်စဉ်တူ၊ လမ်းကြောင်းတူ တိုက်ဆိုင်နေသဖြင့် မိုးကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားလာမှုအပေါ် ကြိုတင်မြော်တွေး၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံတကာမိုးလေဝသခန့်မှန်းဌာနများ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံအတွင်း နိုဝင်ဘာ ၈ ရက်မှ ၁၇ ရက်အတွင်း ရွာသွန်းမြဲအောက်နှင့် ရွာသွန်းမှုအနည်းငယ်သာရှိမည်ဟု ခန့်မှန်းထားသော်လည်း မိမိတို့ဘက်မှ ထပ်မံ၍ ရာဂီမုန်တိုင်း အဖျားခတ်မှုဖြစ်စဉ်ကဲ့သို့ ထပ်မံမဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်မိုးရာသီကာလတွင် မိုးများပြားစွာရွာသွန်းခဲ့ခြင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မြေသားများ စိုထိုင်းဆများပြားလျက်ရှိပြီး ကျစ်လျစ်မှုအားနည်းနေသည့်အတွက် ယခင်ရာဂီကဲ့သို့ မိုးရေချိန်လက်မများစွာ ရရှိပါက တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် ထိခိုက်လာနိုင်သည့်အတွက်ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထိုသို့ကြိုတင်ပြင်ဆင်ရေးဆောင်ရွက်ရာတွင်ကြိုတင်သတိပေးချက်များထုတ်ပြန်ခြင်း၊ ယခင်အတွေ့အကြုံအရ ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သည့် နေရာများတွင် နေထိုင်သူများကို ပြောင်းရွှေ့နေရာ ချထားနိုင်ရန်အတွက် ရွှေ့ပြောင်းမည့်နေရာများ သတ်မှတ်ခြင်း၊ ရေသန့်နှင့် အစားအသောက်များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ရွှေ့ပြောင်းရန် ယာဉ်ယန္တရားများ စုဖွဲ့ပြင်ဆင်ထားခြင်း၊ အချိန်မီရွှေ့ပြောင်းခြင်း၊ ရွှေ့ပြောင်းရန်လိုအပ်သူများအား ရွှေ့ပြောင်းပေးရာတွင်လည်း ငြင်းဆန်သူများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ စည်းရုံး၊ တိုက်တွန်းရွှေ့ပြောင်းပေးနိုင်ရေးတို့ကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ရာဂီမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို သင်ခန်းစာယူပြီး လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပျက်စီးဆုံးရှုံးမှုအနည်းဆုံး (သို့မဟုတ်) မရှိသလောက် ဖြစ်အောင် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း။

ရာဂီမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများနှင့် ပတ်သက်ပြီး ရေဘေးသင့်ဒေသများ၏ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် ဦးဆောင်လမ်းညွှန်မှုများ ပြုလုပ်ခဲ့သည့်အပေါ်တွင် အမျိုးသားကော်မတီအနေဖြင့် ချက်ချင်းလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဘေးသင့်ဒေသများအတွက် လိုအပ်သည့် ထောက်ပံ့မှုများပြုလုပ်ခြင်း၊ သေဆုံးထိခိုက် ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများအတွက် ထောက်ပံ့မှုများ ပြုလုပ်ခြင်း၊ အရေးပေါ်စားနပ်ရိက္ခာများ ထောက်ပံ့ခြင်းစသည့် လုပ်ငန်းများအတွက် ငွေကျပ် ၂၅ ဘီလီယံကျော်ကို သုံးစွဲထောက်ပံ့ပေးနိုင်ခဲ့ကြောင်း။

ထို့အပြင် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍပေါင်းစုံကိုလည်း အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရန်အတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိခြင်းကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအနေဖြင့် အရှိန်ရနေသည်ကို တွေ့ရကြောင်း။

နိုင်ငံတော်၏ မတည်ရန်ပုံငွေ၊ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် ရေဘေးသင့်ဒေသများရှိ စာသင်ကျောင်းများကို အမြန်ဆုံးပြုပြင်၍ ပြန်လည်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ခဲ့ရာ ရေဘေးဖြစ်ပွားပြီး တစ်လခန့်အတွင်းတွင် အခြေခံပညာကျောင်းများအားလုံးကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်အောင် စေတနာမေတ္တာ အပြည့်ဖြင့် လှူဒါန်းပေးကြသည့်အလှူရှင်များကို ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက်လည်း လိုအပ်သည့် မျိုးစပါးနှင့် တိရစ္ဆာန်ဆေးဝါးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ အခြားသောစိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင်လည်း ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်နေချိန်တွင် နောက်ထပ်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုလည်း အလေးထားစောင့်ကြည့်ပြီး လိုအပ်သလို ပြင်ဆင်မှုများဆောင်ရွက်ကြရန် အရေးကြီးလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ/အဖွဲ့အစည်းများ၊ လုပ်ငန်းကော်မတီများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် လတ်တလော ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေများနှင့် စပ်လျဉ်းပြီး ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ပြည်ထောင်စုအဆင့်က ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဒေါက်တာစိုးဝင်းတို့က လတ်တလောဖြစ်ပေါ်နေသည့် ရာသီဥတုအခြေအနေကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက ထိခိုက်မှုနည်းပါးစေရန် ဒေသအလိုက်အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များဖွဲ့စည်း၍ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ဝယ်ယူဖြည့်ဆည်းထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသည့် တိုင်ဖွန်းမုန်တိုင်းရင်ရှင်း၏ လမ်းကြောင်းအခြေအနေနှင့် ဆက်လက်ဖြစ်ပေါ်နိုင်သည့် မိုးလေဝသခန့်မှန်းချက်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဒေသအလိုက်၊ ကဏ္ဍအလိုက် အရေးပေါ်တုံ့ပြန်ရေး၊ ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၊ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၊ နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းကော်မတီ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကော်မတီနှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာကြိုတင် ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

- ❖ ဘေးသင့်ဒေသများအတွက် လိုအပ်သည့်ထောက်ပံ့မှုများပြုလုပ်ခြင်း၊ သေဆုံးထိခိုက်ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများအတွက် ထောက်ပံ့မှုများပြုလုပ်ခြင်း၊ အရေးပေါ်စားနပ်ရိက္ခာများထောက်ပံ့ခြင်း စသည့် လုပ်ငန်းများအတွက် ငွေကျပ် ၂၅ ဘီလီယံကျော်ကို သုံးစွဲထောက်ပံ့ပေးနိုင်ခဲ့
- ❖ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်နေချိန်တွင် နောက်ထပ်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုလည်း အလေးထားစောင့်ကြည့်ပြီး လိုအပ်သလိုပြင်ဆင်မှုများဆောင်ရွက်ကြရန် အရေးကြီးလိုအပ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင် သံလွင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်၊ တောင်သူများထံ မြေဩဇာများထောက်ပံ့



နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ဒုတိယဝန်ကြီး ဦးဖော်အေးမောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် တရုတ်လှကျေးရွာ တရုတ်လှလျှပ်စစ်မြစ်ရေတင်၌ သံလွင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိဘားအံငါးလုပ်ငန်းစခန်းနှင့် ကျုံဒိုးငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ်ငါးသားပေါက်ကောင်ရေ ၁၃ သိန်းကိုထုတ်လုပ်ပြီး ၅ ဒသမ ၂ သိန်းကို သဘာဝမြစ်ချောင်းများအတွင်း ငါးမျိုးစိုက်ထည့်သွားရန် လျာထားဆောင်ရွက်ခဲ့ရာ ယခုအခါ ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ပြီး ယနေ့တွင် ငါးသားပေါက်ကောင်ရေ တစ်သိန်းကို ငါးမျိုးစိုက်ထည့်မည်ဖြစ်သည့်အတွက် ယခုနှစ်လျာထားချက်အပေါ် ရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်အဖွဲ့သည် လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာနေပြည်သူများနှင့်အတူ ငါးမြစ်ချင်းကောင်ရေ ငါးသောင်း၊ ငါးခုံးမကြီးကောင်ရေ ငါးသောင်း စုစုပေါင်းကောင်ရေတစ်သိန်းကို သံလွင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြပြီး တရုတ်လှလျှပ်စစ်မြစ်ရေတင်လုပ်ငန်း 37 KW Motor လေးစုံဖြင့် သံလွင်မြစ်မှ ရေကို စုပ်တင်၍ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဘားအံမြို့နယ် နောင်ခရိုင်ကျေးရွာ၌ ကျင်းပသည့် မိုးစပါးစိုက်ခင်းများအား သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာအချိုးကျ ရောစပ်စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲနှင့်မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး နောင်ခရိုင်၊ ထောင်ဝိ၊ ကော့လှိုက်၊ ကော့သင်းရှူး၊ ရဲသာ(ကမော့ကစင်)၊ ကော့ထမလိန်း၊ တော်ပုံ၊ လှိုင်ကမ္ဘာကျေးရွာများမှ တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများကို ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ စုစုပေါင်း အိတ် ၃၀၀ ကို ထောက်ပံ့ပေးအပ်ကြပြီး တောင်သူများ၏ မိုးစပါးစိုက်ခင်းများအတွင်း သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးကျ ရောစပ်စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးကြကာ တက်ရောက်လာသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

အလားတူ နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ ကရင်ကျောင်းသားများရိပ်သာရှေ့ရှိ ဘောလုံးကွင်း၌ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ စာချုပ်စိန်ခေါ်ပွဲများ ယှဉ်ပြိုင်ထိုးသတ်နေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က စာချုပ်စိန်ခေါ်ပွဲ ခေါင်ပွဲစဉ်အဖြစ် ရန်နိုင်ထွန်း(ဖွဲ့ကပင်မြေ)နှင့်အောင်ခိုင်(ဘိလပ်မြေစက်ရုံ)တို့၏ သရေရလဒ်ထွက်ပေါ်မှုကို တစ်ဦးလျှင် ငွေကျပ်သိန်း ၅၀ စီ ချီးမြှင့်သည်။

ယင်းနောက် ဘားအံမြို့ သီရိကွင်း၌ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲ တတိယညအနေဖြင့် ဒုံးအဖွဲ့ကိုးဖွဲ့တို့၏ မြူးကြွသွက်လက်မြိုင်ဆိုင်စွာ ကပြယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဒုံးအဖွဲ့များအတွက် ငွေကျပ် ၁၀ သိန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က ၁၀ သိန်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ၁၀ သိန်း၊ ဒုတိယဝန်ကြီး ဦးဖော်အေးမောင်က ကိုးသိန်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# သင်ကြားပေးခဲ့သည့် စာတွေ့၊ လက်တွေ့ ပညာရပ်များနှင့် အတွေ့အကြုံများကို ပေါင်းစပ်ပြီး ထိထိရောက်ရောက် အကျိုးရှိအောင် အသုံးချ၍ ပြည်သူလူထုက အားကိုးထိုက်သော ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ကြိုးစား



နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံ သစ်တောကျောင်း အခြေခံသစ်တောပညာသင်တန်း အမှတ်စဉ်(၁၁၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံ သစ်တောကျောင်း ကျွန်းရတနာခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ သစ်တောကျောင်းသည် ၁၈၇၈ ခုနှစ်မှစပြီး အခြေခံသစ်တောပညာရပ်များကို သင်ကြားပို့ချပေးခဲ့ရာ ယခု ၁၄၆ နှစ်တိုင်ခဲ့ပြီဖြစ်ပြီး ခေတ်အဆက်ဆက် သစ်တောအမှုထမ်းကောင်းများစွာ မွေးထုတ်ပေးနိုင်ခဲ့ရာ ယနေ့အထိ ၆၆၁၄ ဦးရှိပြီဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စည်းကမ်းပြည့်ဝ၍ စွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းကောင်းများဖြစ်စေရန် ရည်ရွယ်ကာ ယခုသင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း၊ ရေရှည်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသည့် အခန်းကဏ္ဍဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် စွမ်းဆောင်ရည် မြင့်မားတိုးတက်စေရန် ခေတ်စနစ်နှင့်အညီ လေ့လာကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ သင်ကြားပေးခဲ့သည့် စာတွေ့၊ လက်တွေ့ပညာရပ်များနှင့် အတွေ့အကြုံများကိုပေါင်းစပ်ပြီး ထိထိရောက်ရောက် အကျိုးရှိအောင် အသုံးချ၍ ပြည်သူလူထုက အားကိုးထိုက်သော ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ကြိုးစား သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဘက်စုံထူးချွန်ကျောင်းသားဆု၊ စာပေထူးချွန်ကျောင်းသားဆု၊ လက်တွေ့ထူးချွန်ကျောင်းသားဆုများကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများကို လည်းကောင်း၊ တာဝန်ရှိသူများက အဆင့်အလိုက်ထူးချွန်ဆုရသူများနှင့် ဘာသာရပ်ထူးချွန်ဆုရသူများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းကျောင်းသားများနှင့်မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် အင်းယားသစ်တော ပျိုးဥယျာဉ်အတွင်း ပျိုးပင် ၅၈၀၀၀ ကျော် ပျိုးထောင်ထားမှု အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်



# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံနှင့် ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် EAGER Communication Group Co.,Ltd မှ Port Sharing စနစ် ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် EAGER Communication Group Co.,Ltd မှ Port Sharing စနစ် ဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ကုမ္ပဏီတာဝန်ရှိသူများမှ ရှင်းလင်းတင်ပြသည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။




အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ မြို့ပြဖွံ့ဖြိုးမှုများလည်း တဖြည်းဖြည်းတိုးတက်ပြောင်းလဲလာရာ ဆက်သွယ်ရေးကွန်ရက် အင်တာနက်လိုင်းများ အသုံးပြုမှုများလာပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ များပြားလာမှု၊ မန္တလေးမြို့တော်အား Smart City တစ်ခုဖြစ်လာရန် ကြိုးစားဆောင်ရွက်နေမှု၊ မြို့တော်အင်္ဂါရပ်နှင့် မညီသော ဆက်သွယ်ရေးဖိုင်ဘာကြိုးများ၊ တိုင်များ များပြားရှုပ်ထွေးလာခြင်းကို လျှော့ချနိုင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ အခကြေးငွေရယူ၍ ဝန်ဆောင်မှုများပေးနေသည့် သက်ဆိုင်ရာကုမ္ပဏီများအား စနစ်တကျထိန်းသိမ်းခြင်း၊ ပြုပြင်မွမ်းမံခြင်းများကို အလေးထားဆောင်ရွက်ရန် အသိပေးထားမှုနှင့် မြေပေါ်ဖိုင်ဘာကြိုးသွယ်တန်းမှုစနစ်မှ မြေအောက်ဖိုင်ဘာကြိုးသွယ်တန်းမှုစနစ်သို့ ပြောင်းရွှေ့ရန် စီစဉ်ဆောင်ရွက်နေမှုတို့အား ပြောကြားခဲ့သည်။

၎င်းနောက် EAGER Communication Group ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဦးဣန္ဒြိလုကလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ မန္တလေးမြို့အတွင်း အဓိကလမ်းမကြီး ၇ လမ်း တစ်လျှောက် မြေပေါ် ဖိုင်ဘာကြိုးသွယ်တန်းမှုစနစ်မှ မြေအောက်ဖိုင်ဘာကြိုးသွယ်တန်းမှုစနစ်သို့ ပြောင်းရွှေ့နိုင်ရေး Pilot Project အနေဖြင့် ဆောင်ရွက်နေမှုနှင့် Port Sharing စနစ်ဆောင်ရွက်ရန် လျာထားမှုအခြေအနေတို့အား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ပထမနှစ်ဝင်ခွင့်ရသူများစာရင်း ထုတ်ပြန်ကြေညာထားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
ကြေညာချက်

၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၁၀-၁၁-၂၀၂၄ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ Website: https://www.most.gov.mm၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www. dtvet.edu.mm၊ https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

## ပထမနှစ်ဝင်ခွင့်ရသူများစာရင်း ထုတ်ပြန်ကြေညာထားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို (၁၀-၁၁-၂၀၂၄) ရက်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ Website: http://www.most.gov.mm၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm၊ http:// www.dast.gov.mm နှင့် သက်ဆိုင်ရာ တက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

➤ စာမျက်နှာ ၂၄ မှ

တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဧလ

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲ အခမ်းအနားကျင်းပ



**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် မြို့နယ်ပညာရေးမှူး ဦးလှမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ဆုရ ကျောင်းသား၊ ကျောင်းသူများအား မိမိတို့သည် ပညာကို ဂရုတစိုက်သင်ကြားလေ့လာဆည်းပူးခဲ့သောကြောင့် ယခုလိုဆုများရရှိခဲ့ကြောင်း၊ ကျောင်းစာအပြင် အခြား ဗဟုသုတများကိုလည်း ဆက်လက်လေ့လာဆည်းပူးပြီး နိုင်ငံအကျိုး၊ အများအကျိုးကို သယ်ပိုးနိုင်သော နိုင်ငံ့သားကောင်း၊ သမီးကောင်းတွေဖြစ်အောင်ဆက်လက်ထိန်းသိမ်းသွားကြစေလိုကြောင်းစသည်ဖြင့် ပြောကြားခဲ့ပြီးနောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာကြီး၊ ဆရာမကြီးများက ဂုဏ်ထူးရကျောင်းသား၊ သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် မဟာအောင်မြေမြို့နယ်အနေဖြင့် အောင်ချက် ၆၈ ဒသမ ၈၂ ရာခိုင်နှုန်း ရရှိခဲ့ပြီး အတွင်းဖြေ၊ အပြင်ဖြေဆိုသူ ကျား၊ မ(၄၁၇)ဦးရှိရာ အောင်မြင်သူ (၂၈၇)ဦးရှိခဲ့ပြီး ၆ ဘာသာဂုဏ်ထူးရှင် ၄ ဦး၊ ၅ ဘာသာဂုဏ်ထူးရှင် ၇ ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် ၈ ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၁၆ ဦး၊ ၁ ဘာသာဂုဏ်ထူးရှင် ၂၇ ဦး၊ ရိုးရိုးအောင် ၂၁၀ ဦး အောင်မြင်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မဟာအောင်မြေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာကြီး၊ ဆရာမကြီးများ၊ ဆုရကျောင်းသား၊ ကျောင်းသူများ၊ မိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (ဝ၅၆)

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ်အကြို ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မိတ္ထီလာ နိုဝင်ဘာ ၈**

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အထိမ်းအမှတ်အကြို ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နိုဝင်ဘာ ၅ ရက် နံနက် ၇ နာရီက မိတ္ထီလာမြို့ နဂါးရုံမဟာဗောဓိစေတီတော်တွင် ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ နဂါးရုံမဟာဗောဓိစေတီတော် ပညာဓိကတန်ဆောင်းတော်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းနှင့် မိတ္ထီလာခရိုင်နှင့် မြို့နယ်များမှ ဝန်ထမ်းများက နဂါးရုံကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ၊ ဂန္ထဝါစကပဏ္ဍိတ သာသနဓဇ သီရိပဝရ ဓမ္မာစရိယထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အထိမ်းအမှတ်အကြို နဂါးရုံမဟာဗောဓိစေတီတော်နှင့် ပညာဓိကတန်ဆောင်းတော်တို့တွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက ရေသပ္ပာယ်ခြင်း၊ ဘုရားပန်းကပ်လှူခြင်း၊ သန့်ရှင်းရေးများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၄၆၉)



## လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ပြုလုပ်

**တာချီလိတ် နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံပညာအလယ်တန်းကျောင်း(ဇေ့လေလန်)၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးလတ်က လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အချက်အလက်များ၊ ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ရပ်သံကျွမ်းကျင်-၃ ဦးမြင့်သန်းက စာပေများ ဖတ်ရှုလေ့လာခြင်းဖြင့် စာဖတ်ခြင်းမှရရှိလာမည့် အကျိုးကျေးဇူးများနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း အသီးသီး အသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲ ကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျောက်ဆည်ခရိုင်အတွင်း ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သုံးထပ်အဆောင် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက 'ဘက်စုံပညာကိုရည် တို့လှမ်းချီ' သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့သည်။



အခမ်းအနားတွင် ကျောက်ဆည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ကျောက်ဆည်မြို့နယ်အနေဖြင့် ၅၄ ဒသမ ၂၁ ရာခိုင်နှုန်း၊ စဉ့်ကိုင်မြို့နယ်အနေဖြင့် ၅၉ ဒသမ ၇၉ ရာခိုင်နှုန်း၊ မြစ်သားမြို့နယ်အနေဖြင့် ၅၉ ဒသမ ၃၂ ရာခိုင်နှုန်း၊ ကျောက်ဆည်ခရိုင်အနေဖြင့် ၅၆ ဒသမ ၉၇ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အောင်ချက်ရာခိုင်နှုန်းများ တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်တိုးတက်သော ရလဒ်ကောင်းများရရှိပြီး နိုင်ငံတော်မှ အားထားရသော သားကောင်း၊ သမီးကောင်းများဖြစ်အောင် ကြိုးစားသွားကြစေလိုကြောင်း၊ အောင်ချက်မြင့်မားရေးအတွက် စီမံချက်များ ရေးဆွဲခြင်း၊ ဘာသာရပ်ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ပြည့်ဝသော လူတော်လူကောင်းများ ပေါ်ပေါက်လာရေး၊ အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမများ ဖြစ်စေရေး စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း အမှာစကား ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောက်ဆည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တက္ကသိုလ်ဝင်တန်းတွင် (၆) ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးအားလည်းကောင်း၊ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ရဲဝင်းထွန်းက (၅)ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူခြောက်ဦးအားလည်းကောင်း၊ အဖွဲ့ဝင်(၂) ဦးအောင်သူက (၄)ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူ လေးဦးအားလည်းကောင်း၊ ကျောက်ဆည်ခရိုင်ပညာရေးမှူး ဒေါက်တာ ဥမ္မာကြည်က (၃)ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးအားလည်းကောင်း၊ ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိုးလင်းထွန်းက (၃) ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးအားလည်းကောင်း၊ စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝေယံစိုးနှင့်တာဝန်ရှိသူများက (၂)ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများ၊ (၁)ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆုများ အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ပြီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက 'ဇာတိမာန်' သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

(၄၈၅)

## ဇီဝိတဒါန စုပေါင်းငါးလွှတ်ခြင်းနှင့် ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



**ပွင့်ဖြူ နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၂၀၂၄ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်သည့် (၁၆)နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုဝင်ဘာ ၆ ရက် နံနက် ၈ နာရီက ဇီဝိတဒါန စုပေါင်းငါးလွှတ်ခြင်းနှင့် ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ခိုင် ဦးဆောင်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ဝင်းထွန်းနှင့် ဝန်ထမ်းများ စုပေါင်းအဖွဲ့က ဌာနနှစ်ပတ်လည်နေ့အကြို ပွင့်ဖြူမြို့ သက်တော်ရှည်ရပ်ကွက်အနီး မုန်းချောင်းသဘာဝရေပြင်အတွင်း ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ အား ဇီဝိတဒါနအဖြစ် စုပေါင်း ငါးလွှတ်ခြင်း၊ ရွှေဘုံသာဘုရားကြီးအား ဦးခိုက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ တိုင်များ ထွန်းညှိပူဇော်ခြင်းနှင့် ဘုရားပရိဝုဏ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းကို နှစ်စဉ် ဌာနနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများသို့ သွားရောက်ပြီး စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခြင်း၊ အန္တရာယ်ကင်းပရိတ်ပဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်း၊ မြစ်၊ ချောင်း၊ ဆည်တမံ သဘာဝရေပြင်အတွင်း ဇီဝိတဒါန ငါးလွှတ်ခြင်း၊ ဘုရားစေတီပုထိုးများတွင် ဆီမီးကပ်လှူပူဇော်၍ အန္တရာယ်ကင်း ပရိတ်ပဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်းတို့ကို အစဉ်အလာမပျက် ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ခိုင်ထံက သိရသည်။

(အပေါ်ဲပုံ)(၄၄၅)

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**မန္တလေး နိုဝင်ဘာ ၈**

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၇ရက် နံနက် ၁၀နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မန်းတောင်ခြေရှိ အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့် သပိတ်ကျင်းခရိုင်၊ အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်နှင့် အငြိမ်းစား တိုင်းအုပ်ချုပ်ရေးမှူး ဦးစိန်တင်တို့က အမှာစကားပြောကြားကြပြီး 'သဘာဝဘေးအန္တရာယ်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အခန်းကဏ္ဍ' စာတမ်းဖတ်ပွဲတွင် ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။ ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သမိုင်းကြောင်း Video Click ပြသပြီး နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ဝန်ထမ်းများအား ပျော်ပွဲရွှင်ပွဲအဖြစ် ကံစမ်းမဲဖွင့်လှစ်ပေးပြီး ဝန်ထမ်းများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြကြောင်း သိရသည်။

(အောက်ပုံ)

(၀၉၃)

* - * - * - * - *



# (၁၉၅)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲ ကျင်းပ



**မန္တလေး နိုဝင်ဘာ ၈**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်(၈၀၆)၊ မြေပဒေသာလမ်းသွယ်ရှိ ဆုံစည်းရာ အရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၁၉၅)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၅ နာရီက လမ်း ၆၀နှင့် ၂၈(B)လမ်းထောင့်ရှိ အဆိုပါ အသင်းရုံးရှေ့၌ ကျင်းပရာ လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာကြသည့်သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင်လူငယ်မောင်မယ်များက အရဏ်ဆွမ်း ကြာဆံကြော်၊ ဆွမ်းနှင့် ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လောင်းလှူခဲ့ကြသည်။ **(အပေါ်ပုံ)**

(၁၉၅)ကြိမ်မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် ဆရာမကြီး ဒေါ်နှင်းနှင်းမော်(ညီမ) ဆရာမကြီး ဒေါ်နုနုရီ(CAE) ပညာရေးမိသားစု၊ ကိုလှိုင်မြင့်(စတီးဆိုင် ၂၆လမ်း)မိသားစု၊ ဒေါ်မမ(ပတ္တမြားသုခ)မိသားစု၊ တိုးတက်ကုန်မာဆိုင်နှင့် အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း + ဒေါ်ခင်ဝင်းကြည် (ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး(သွားနှင့်ခံတွင်း ဆေးခန်း)မိသားစု၊ ရှမ်းဌာနေစားသောက်ဆိုင်မိသားစု၊ ဖခင်ကြီး ဦးကိုအောင် + မိခင်ကြီး ဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့် သားတပည့်များ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆူးဖြူရိပ်သာကျောင်းတိုက် ဘဒ္ဒန္တ ဉာဏိကာလင်္ကာရ၊ မောင်ဇော်ဇော် + မဝါဝါ မိသားစု၊ ကိုကျော်ကျော် + မတင်မမ(မြရောင်ခြည်ကဖေး) မိသားစု၊ ကိုအေးမင်းသူ မိသားစုတို့က မ,တည် လှူဒါန်းခဲ့ကြသည်။

ဆုံစည်းရာ ဆွမ်းလောင်းအသင်းကြီးသည် လစဉ် မြန်မာလဆန်း ၃ရက်နေ့တိုင်း ဆွမ်းလောင်းလှူဒါန်းသွားမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၁)**

# အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး နိုဝင်ဘာ ၈**




လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်၍ ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ အသိပညာဗဟုသုတရရှိပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၆ ရက် နံနက် ၉နာရီက မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ချယ်ရီစူပါစိမ်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးနိုင်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက Moderator အဖြစ် ဦးဆောင်ဆွေးနွေးခဲ့ပြီး Grade(11) ကျောင်းသား၊ ကျောင်းသူလေးများက "လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း"၊ "လူငယ်နှင့်ကျန်းမာရေး"၊ "လူငယ်နှင့်စာပေ"၊ "လူငယ်နှင့် မူးယစ်ဆေးဝါး" စသည့်ခေါင်းစဉ်များကို အသီးသီး ဆွေးနွေးခဲ့ကြသည်။ ၎င်းနောက် စကားဝိုင်းသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီးနောက် ကျောင်းသား၊ ကျောင်းသူများသည် ခန်းမအတွင်း ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

လူငယ်စကားဝိုင်းသို့ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ချမ်းမြေ့**

# မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (မန္တလေးတိုင်းဒေသကြီး)သို့ အသင်းဝင်လိုသူများ အခမဲ့စနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးမည်

အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းအလုပ်အဖြစ် လုပ်ကိုင်နေကြသူများသည် နှစ်စဉ် အသင်းဝင်ကြေးနှင့် စမတ်ကတ်ဖိုး ပေးသွင်းနေကြရာ လာမည့် ၂၀၂၅ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး)သို့ အသင်းဝင်လိုသူ အသင်းသား၊ အသင်းသူများအနေဖြင့် အသင်းဝင်ကြေးနှင့် အသင်းသားကတ်ဖိုး (လုံး၀)ပေးရန်မလိုတော့ဘဲ အခမဲ့စနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးမည်ဖြစ်သည်။



မပြေလည်သော အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများ၊ အကျိုးတော်ဆောင်များ နှစ်စဉ်ပေးသွင်းနေရသော ဝန်ထုပ်ဝန်ပိုးကို လျှော့ပေးနိုင်ရန်၊ အကျိုးတော်ဆောင်များဘ၀ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြစ်သည်။

"မပြေလည်တဲ့ အကျိုးတော်ဆောင်တွေ အဆင်ပြေစေဖို့ အခက်အခဲတွေ ကူညီပေးနိုင်ဖို့ အတွက် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးအောင်တိုးက အသင်းသူ၊ အသင်းသားတွေကိုယ်စား ဗဟိုကို သွင်းရမယ့်ငွေကို စိုက်သွင်းပေးပြီး အလှူအနေနဲ့ လုပ်တာလို့ သိရတယ်။ မပြေလည်တဲ့ အကျိုးဆောင်တွေအတွက် အတိုင်းထက်အလွန် ဝမ်းသာစရာကိစ္စပါပဲ။ အိမ်ခြံမြေလောကမှာ ဘယ်တုန်းကမှ မရရှိခဲ့တဲ့ အခွင့်အရေးပါ။ တကယ်အကျိုးရှိတဲ့ လုပ်ဆောင်ပေးမှုပါ။ အခြားအသင်းတွေအနေနဲ့ ယခုကဲ့သို့ ဆောင်ရွက်နိုင်ရင် ပိုကောင်းတယ်"ဟု အိမ်ခြံမြေအကျိုးတော်ဆောင်တစ်ဦးက ပြောသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)သို့ အသင်းဝင်လိုသူများအနေဖြင့် အသင်းဝင်ကြေး ငါးသောင်းကျပ်၊ နှစ်စဉ်ကြေး သုံးသောင်းကျပ်၊ အသင်းဝင်စမတ်ကတ်ဖိုး တစ်သောင်းကျပ်၊ ငွေကြေးခဝါချသင်တန်းကြေး နှစ်သောင်းကျပ်၊ ရင်ထိုးတံဆိပ် တစ်သောင်းကျပ် စုစုပေါင်း တစ်သိန်းနှစ်သောင်းကျပ် ပေးသွင်းရန် သတ်မှတ်ထားသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (မန္တလေးတိုင်းဒေသကြီး)သို့ အသင်းဝင်လိုသူများအနေဖြင့် အသင်းဝင်ကြေးနှင့် ကတ်ဖိုး ငါးသောင်းကျပ် ပေးသွင်းရပေမယ့် လာမည့် ၂၀၂၅ခုနှစ်တွင် အသင်းဝင်ကြေးနှင့် ကတ်ဖိုး မပေးသွင်းရတော့ဘဲ အခမဲ့စနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး)သို့ အသင်းဝင်လိုသူများအနေဖြင့် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၇လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြားရှိ အသင်းရုံးသို့ လူကိုယ်တိုင်လာရောက်စုံစမ်း၍ ကြိုတင်စာရင်းပေးသွင်းကာ အသင်းဝင်နိုင်ပြီဖြစ်သည်။ **(ဝဲပုံ)**

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌအသစ် ဦးအောင်တိုးသည် ၂၀၂၄ခုနှစ် ဖေဖော်ဝါရီမှစတင်၍ တာဝန်ယူပြီးနောက် အသင်းဝင်သစ် ၄၄၇ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။**အောင်ကျော်စ(မန္တလေး)**

# အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် ကျန်းမာရေးအသိပညာပေး ဟောပြော

**မန္တလေး နိုဝင်ဘာ ၈**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) စားရိပ်သာတွင် နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက မန္တလေးခရိုင်ကျန်းမာရေးဦးစီးဌာနဦးစီးမှူးမှ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာပေး ဟောပြောသည်။

ထို့နောက် မန္တလေးခရိုင်ကျန်းမာရေးဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများသည် သင်တန်းသားအိပ်ဆောင်များအား ဆေးဖျန်းခြင်း၊ ကာကွယ်ဆေးများ တိုက်ကျွေးခြင်းနှင့် စားဖိုဆောင်၊ ကျောင်းဈေးဆိုင်တန်းများအား ကျန်းမာရေးနှင့်ညီညွတ်စွာ ပြင်ဆင်ထားမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(ဝ၄၅)**



# ရေစကြိုမြို့နယ် နေရင်းကျေးရွာကို နှစ်ရက်ဆက်တိုက် မီးရှို့ဖျက်ဆီးပြီး ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်သွားကြောင်း မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် နေရင်းကျေးရွာကို နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကာ ပြည်သူပိုင် ပစ္စည်းများကို ယူဆောင်သွားခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ ရေစကြိုမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ နေရင်းကျေးရွာကို လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်များက သွားရောက်ခဲ့ခြင်းမရှိကြောင်းနှင့် အဆိုပါသတင်းမှာလည်း သတင်းအမှားသာဖြစ်ကြောင်း၊ PDF အမည်ခံအကြမ်းဖက်သမားများက ၎င်းတို့ကို ထောက်ခံအားပေးခြင်းမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်လျက်ရှိသည့်အတွက် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ကျေးရွာများကို မီးရှို့ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများကိုဖုံးကွယ်ပြီး နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် မဟုတ်မမှန် စွပ်စွဲရေးသားကာ ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကာတွန်း နဂါးလေး(အမရ)၏ ရင်ထဲက ဆရာကြီး နတ်မောက်




**အမရပူရသည် ရှေးဟောင်းအမွေအနှစ်နဲ့ ယဉ်ကျေးမှုတို့ များပြားစုဝေးရာဖြစ်သည်။ ကမ္ဘာတွင်ထင်ရှားပြီး ကမ္ဘာလှည့်ခရီးသွားများ မဖြစ်မနေလာရောက်သည့် တောင်သမန် ဦးပိန်တံတားကြီးရှိသည်ကိုသာ သိရှိကြသည်။ ထို့ထက်ပိုမိုလေးနက်သော သမိုင်းကြောင်းများစွာကို ထင်ရှားပြသနေသည့် ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများစွာရှိသည်ကို မေ့လျော့နေကြသည်မှာ စိတ်မကောင်းစရာဖြစ်သည်။**

**သို့သော်ငြား အမရပူရက စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီနှင့် ကာတွန်းဆရာများမှာ မြို့ဧရိယာနှင့် မလိုက်ဖက်အောင် စုစည်းများပြားသည်မှာ ကိုယ်တွေ့ဖြစ်သည်။ ထိုထိုသော ဆရာ များသည် စာရေးမပျက်၊ ကဗျာရေးသွက်ပြီး ပန်းချီနှင့် ကာတွန်းများရေးဆွဲလျက် စာပေအနုပညာကို နှစ်သက်ခုံမင်သူများဟု ဆိုချင်သည်။ နာမည်ကြီးသူ၊ နာမည် မကြီးတကြီးသူနှင့် အပျံသင်ဆဲဖြစ်သူများသည် အမရပူရတွင် ရှင်သန်ထက်မြက်နေဆဲ ဖြစ်သည်။ ခေတ်စနစ်ပြောင်းလဲပါစေ၊ သူတို့၏ စာပေအနုပညာအပေါ် ချစ်စိတ်နှင့် သူတို့၏ဝါသနာထက်သန်မှုကြောင့် ယနေ့တိုင် မျိုး ဆက်သစ်များရှင်သန်လျက်ရှိသဖြင့် စာပေပန်းခင်းကြီးက သစ်လွင်တောက်ပဆဲဟု ဆိုရပါမည်။**

အမရပူရက စာပေအနုပညာရှင်များကို ကြည့်လျှင် စာပေနှင့် စာနယ်ဇင်းခေတ် မတိုင်မီကတည်းကနေ ခေတ်အဆက်ဆက်ဖြတ်ကျော်ပြီး စာပေစင်မြင့်ပေါ်တွင် နေရာကိုယ်စီရရှိခဲ့ကြသလို ယနေ့တိုင်လည်း သူ့နေရာနှင့်သူ စာပေစင်မြင့်တွင် ကခုန်နေကြဆဲဖြစ်သည်။ သူတို့ ကလောင်အမည်နောက်တွင်(အမရပူရ)ဟူသော အမည်က ဒေသစွဲ၍ တွဲဖက်အမည်ပေးကြသည်ကို အများစုတွေ့ရမည် ဖြစ်သည်။

### နဂါးလေး(ခေါ်)မင်းမောင်မောင်

အမရပူရတွင် တစ်ချိန်က မန္တလေးဈေးချို နှင့် မြန်မာပြည်အနယ်နယ်အရပ်ရပ်သို့ ဖြန့်ချိရောင်းချသည့် နာမည်ကြီးအပ်ချည်လုံးမှာ ဒေါင်းတံဆိပ် အပ်ချည်လုံးဖြစ်သည်။ အပ်ချည်လုံးဖြင့် အလုပ်သမားများစွာကို အလုပ်အကိုင်တွေပေးထားသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးလည်းဖြစ်သူမှာ မန္တလေးတက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်သည့် ကိုမောင်မောင်(သို့မဟုတ်)ဦးမင်းမောင်မောင် ဖြစ်သည်။ ကျောင်းပြီး၍ ပြင်ပလုပ်ငန်းအဖြစ် အပ်ချည်လုံးထုတ်လုပ်ရောင်းချရင်း ငယ်စဉ်ကတည်းက ကာတွန်းဆန်သော ပန်းချီများရေးဆွဲခဲ့ရာ ယနေ့တွင် ကာတွန်း-နဂါးလေးအမည်ဖြင့် ကာတွန်းစင်မြင့်တွင် နေရာရနေပြီ ဖြစ်သည်။ ယနေ့တွင် စံတော်ချိန် သတင်းစာ၌ သူ၏ကာတွန်းများကို အမြဲပင် တွေ့နေရသည်။

တက္ကသိုလ်ကျောင်းသားဘဝ ၁၉၈၀ လောက်ကတည်းက ပန်းချီရေးဆွဲခဲ့ပြီး ၁၉၈၁ ခုနှစ်၊ မန္တလေးတက္ကသိုလ်(ရတနာဘုမ္မိနယ်မြေ)၊ ပန်းချီပြပွဲတွင် သူရေးဆွဲသော ပန်းချီကား ၁၀ ကားကျော်ပြသခဲ့သည့်အနက် အချစ်သင်္ကေတဖြစ်သည့် ဇွယ်တော်ရွက်ပိုးကိုက်နေပုံကို သရုပ်ဖော်ထားသည့် 'တို့အသဲလေးတွေ ကွဲကုန်ပြီ'၊ သစ်ပုတ်ပင်အောက်တွင် လွယ်အိတ်များ ဘေးချထားကာ အတွဲတစ်တွဲ ထိုင်နေပုံဖော်ကြူးသည့် 'ငါ့သမီးလေးကျောင်းသွားတယ်'နှင့် 'သင်္ချိုင်းရကို လက်ကမ်းခြင်း'ဟူသော ပန်းချီကားများ ပါဝင်သည်။




ထိုအချိန်က မင်းမောင်မောင်ကလောင်အမည်ဖြင့် ရေးဆွဲခဲ့ပြီး 'တို့အသဲလေးတွေ ကွဲကုန်ပြီ'ပန်းချီကားကို အလုအယက်ဝယ်ကြသဖြင့် မဲနှိုက်ရောင်းပေးခဲ့ရသည်ဟု ဆိုပါသည်။

'ပန်းချီပြပွဲမှာ တခြားပန်းချီကားတွေက တစ်ကားကို ၁၅၀၀၊ ၂၀၀၀နဲ့ ရောင်းဈေးတင် ထားကြတယ်။ ကျွန်တော့်ပန်းချီကားကို ၁၅၀၀-ပြားလို့ ရေးထားတော့ ၁၅ ကျပ် ပေါ့ဗျာ။ အဲဒီ ပန်းချီကားကို ကျောင်းသား၊ ကျောင်းသူတွေဝိုင်းပြီး ဝယ်ကြလို့ မဲနှိုက်ပြီးရောင်းပေးခဲ့ရတယ်။ အဲဒီတုန်းက ရွှေတစ်ကျပ်သား ၂၀၀၀၀ လောက်ပဲ ရှိမယ်။ ကလောင်အမည်ကိုလည်း ကိုယ့်ဇာတိဖြစ်တဲ့ အမရပူရပါအောင် မင်းမောင်မောင်(အမရ)နဲ့ ရေးခဲ့တယ်'ဟု ကာတွန်းဆရာ နဂါးလေး(မင်းမောင်မောင်)က ပြောပြသည်။

### နဂါးလေးနှင့် ဆရာနတ်မောက်

ထိုပန်းချီပြပွဲသို့ ဆရာကြီးနတ်မောက်ထွန်းရှိန်က သတင်းထောက်အဖြစ် သတင်းလာယူသည်။ ပန်းချီပြပွဲက တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြပွဲသတင်းကို မဂ္ဂဇင်းတိုက်သို့ပို့မည်ဟု ဆိုပါသည်။ ဆရာနတ်မောက်ထွန်းရှိန်က ပြပွဲတွင် ပြသထားသော ပန်းချီကားများကိုကြည့်ရှုပြီး ကျောင်းသူ၊ ကျောင်းသားများရေးဆွဲသည့် ပန်းချီကားများအနက် မင်းမောင်မောင်(အမရ)နှင့် စိုးစိုးမာ(အမရ)တို့ ရေးဆွဲသည့် ပန်းချီကား ၂ ခုကို ချီးကျူးသွားခဲ့သည်။ တစ်ချိန်တွင် အနုပညာနယ်ပယ်တွင် ထွန်းတောက်လာနိုင်မည်ဟု ချီးကျူးခဲ့သည်ဟု ဆိုပါသည်။ ထိုသို့ ဆရာကြီးပြပွဲသို့လာရောက်ချိန်တွင် ဆရာနဂါးလေးက မတွေ့လိုက်ရဘဲ ရှိခဲ့သည်။

'ပြပွဲမှာ ဆရာနတ်မောက်ထွန်းရှိန်က ကျွန်တော်တို့ ဒေသကောလိပ်ကို သတင်းယူဖို့ ရောက်လာချိန်က ကျွန်တော်မတွေ့ခဲ့ရဘူး။ ပန်းချီပြပွဲအကြောင်းကို မဂ္ဂဇင်းမှာ ရေးမယ်ပြောသွားတယ်။ ယုဝတီမဂ္ဂဇင်းမှာ သတင်းပါလာတော့ ပြသထားတဲ့ ပန်းချီကားတွေထဲမှာ ဆရာမကြီး ဒေါ်ချိုချိုအောင်နဲ့ ဆရာကြီး ဦးခင်မောင်စန်းတို့ ရေးဆွဲတဲ့ ပန်းချီကားနဲ့ ကျောင်းသား ၂ ယောက် ရေးထားတဲ့ လက်ရာတွေထဲမှာတော့ မင်းမောင်မောင်(အမရပူရ)နဲ့ စိုးစိုးမာရေးတဲ့ ပန်းချီကားကို ချီးမွမ်းသွားတယ်။ ပြပွဲအကြောင်း ယုဝတီမဂ္ဂဇင်းမှာပါလာတော့ ဆရာနတ်မောက်က ဒီကျောင်းသားနှစ်ယောက်ရဲ့ လက်ရာတွေကိုကြည့်ရင် တစ်ချိန်မှာ သူတို့ရဲ့လက်ရာတွေက ပန်းချီဆရာတွေ ဖြစ်လာမယ်၊ သရုပ်ဖော်ပုံတွေ ရေးဆွဲသူတွေဖြစ်လာမယ်ဆိုပြီး သုံးသပ်ရေးသားခဲ့တယ်။ ဆရာပြောတဲ့အတိုင်း ဒီနေ့မှာ နဂါးလေး(အမရ)ဆိုပြီး နေရာတစ်ခုရနေပါပြီ'ဟု နဂါးလေး(အမရ)က ပြောသည်။

လောကဓံလှိုင်းတံပိုးများအကြားမှာ ဆရာနဂါးလေးသည် အမရပူရမှ ရန်ကုန်သို့ ပြောင်းရွှေ့သွားခဲ့သည်။ထိုမှ မန္တလေးသို့ပြန်လည်ရောက်ရှိလာစဉ် မန္တလေးနေ့စဉ်သတင်းစာတိုက်မှ သူငယ်ချင်းဖြစ်သူ ဆရာသွယ်အောင်(မန္တလေးနေ့စဉ် သတင်းစာ-အယ်ဒီတာ)က တိုက်တွန်းမှုနှင့် လေးစားတွေ့ချင်နေသော ဆရာကြီးနတ်မောက်ထွန်းရှိန် အယ်ဒီတာချုပ်အဖြစ်ဆောင်ရွက်နေသည့် သတင်းစာဖြစ်ခြင်းကြောင့် ထိုသတင်းစာတွင် ကာတွန်းများ ရေးဆွဲပေးပို့ခဲ့လေသည်။

'ကျောင်းပြီးလို့အိမ်ထောင်ကျပြီးနောက်ပိုင်းမှာ ကာတွန်းဆရာဖြစ်လာတယ်။ ရန်ကုန်ကနေ မန္တလေးပြန်ရောက်ချိန်မှာ မန္တလေးသတင်းစာထွက်နေပြီ။ အဲဒီအချိန်မှာ ဆရာကြီးနတ်မောက်ထွန်းရှိန်က မန္တလေးနေ့စဉ်သတင်းစာ အယ်ဒီတာချုပ်ကြီးဖြစ်နေပြီ။ အဲဒီမှ သူငယ်ချင်းသွယ်အောင်က ကာတွန်းတွေပြန်ရေးဖို့ပြောလို့ မန္တလေးသတင်းစာမှာ ကာတွန်းတွေ များများရေးဖြစ်ခဲ့တယ်။ တစ်ချိန်က တက္ကသိုလ်ပန်းချီပြပွဲမှာ ဆရာနတ်မောက် ချီးမွမ်းခဲ့တဲ့ မင်းမောင်မောင်(အမရပူရ)ဆိုတာ မန္တလေးသတင်းစာမှာ ကာတွန်းတွေ ရေးပို့နေတဲ့ ကာတွန်းနဂါးလေးပါလို့ ပြောပြချင်လို့ ဆရာနဲ့တွေ့ဖို့ကြိုးစားခဲ့ပေမယ့် မတွေ့လိုက်ရဘူး။ ဆရာဆုံးပါးသွားတော့ ယူကြုံးမရဖြစ်ရတယ်။ ဆရာလည်း နဂါးလေးဘယ်သူဆိုတာ သိမသွားဘူးပေါ့'ဟု ဆရာနဂါးလေး(အမရ)က အတိတ်ကို ပြန်ပြောင်းပြောပြသည်။

### မန္တလေးသတင်းစာသို့ ကာတွန်းများရေးပို့

ဆရာနဂါးလေးသည် ကာတွန်းစာမူပို့သည့်အခါ တူမကဲ့သို့ ချစ်ခင်ရသော သတင်းစာတိုက်မှ ကွန်ပျူတာစာစီဝန်ထမ်း မသွဲ့ယဉ်ဝင်းနှင့် လူကြုံပါးလေ့ရှိပြီး စာမူခထုတ်လျှင်လည်း ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူသဖြင့် သတင်းစာတိုက်သို့ အရောက်အပေါက်နည်းသည်။ မင်းမောင်မောင်သည် ကာတွန်းနဂါးလေးဖြစ်ကြောင်း မန္တလေးနှင့်အလှမ်းဝေးသည့် အမရပူရမှ မန္တလေးသတင်းစာတိုက်သို့ လာရောက်သည့်အခါ အစည်းအဝေးသွားချိန်၊ အပြင်ထွက်သွား ချိန်တို့ဖြင့်သာ ကြုံခဲ့ရပြီး ကိုယ်တိုင်ကိုယ်ကျ ဆရာနတ်မောက်နှင့် တွေ့ဆုံရင်းနှီးခွင့်မရခဲ့၍ စိတ်မကောင်းဖြစ်နေသည်မှာ ယနေ့ထိဟု ဆိုပါသည်။

အယ်ဒီတာချုပ် ဆရာကြီးနတ်မောက်ထွန်းရှိန်၏ မန္တလေးနေ့စဉ်သတင်းစာသည် ရုပ်လုံးကြွသည်။ တန်းဝင်သတင်းစာတစ်စောင် ဖြစ်သည်။ နိုဝင်ဘာ ၃၀ ရက်သည် မန္တလေးနေ့စဉ်သတင်းစာတိုက် စတင်တည်ထောင်သည့် နှစ်ပတ်လည်နေ့ ဖြစ်သည်။ ဆရာနတ်မောက်ထွန်းရှိန်ကို သတိရသည်။ ဆရာသက်ရှိထင်ရှားရှိစဉ်က ဆရာနှင့်တွေ့ဆုံရန် ကြိုးစားခဲ့သော်ငြား တွေ့ခွင့်မရသည်ကို စိတ်မကောင်းဖြစ်မိသည်ဟူ၍ စကားကြုံတိုင်း ပြောလာသူ ကာတွန်းနဂါးလေး(အမရ)သည် ယနေ့တွင် အမရပူရ၌ ကျန်းမာစွာဖြင့် ကာတွန်းများရေးဆွဲလျက် စံတော်ချိန်သတင်းစာတွင် ပင်တိုင်နီးပါးဆရာနဂါးလေး၏ ကာတွန်းများကို တွေ့မြင်နေရသည်။

မကြာမီ အသက် ၇၀ ပြည့်တော့မည့် ကာတွန်း နဂါးလေးက ၇၀ ပြည့်မွေး နေ့အမှတ်တရ ကာတွန်းစာအုပ်ထုတ် ဝေမည်ဟု သိရပြီး ဖတ်ရှုသူအများ ပြုံးစေ၊ ပျော်စေရန် 'နားကားသွားမယ်'ဟူ၍ အမည်ပေးထားသည်။ ဆရာနဂါးလေး၏ အနာဂတ်သည် ဆရာကြီးနတ်မောက်ထွန်းရှိန် ကြိုတင်မှန်းဆပေးခဲ့သည့်အတိုင်း ယနေ့စာပေအနုပညာဇာတ်ခုံတွင် ကာတွန်းနဂါးလေး(အမရ)သည် မနက်ဖြန်နေ့များဆီသို့ ကာတွန်းများနှင့် ချီတက်လျက်ရှိပါ၏။

ခိုင်ဆက်ဝေ

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့ ကျင်းပ



**ရေနံချောင်း နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက် ၈ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသမိုင်းကြောင်းအား ဗီဒီယိုကလစ်ဖြင့် ဖွင့်လှစ်ပြသသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းဟောင်းများ၊ အငြိမ်းစားဝန်ထမ်းများအား ဂါရဝပြုလက်ဆောင်များနှင့် ဌာနဝန်ထမ်းများအား အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ကာ ဌာနဝန်ထမ်းများအား ဂိမ်းကစားပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများမှ ဆုရသူများအား ဆုများ ချီးမြှင့်ပေးအပ်သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ဝန်ထမ်းဟောင်းများ၊ အငြိမ်းစားဝန်ထမ်းများ တက်ရောက်ကာ မုန့်ဟင်းခါးစတုဒိသာဖြင့် ကျွေးမွေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၇၂)

*-*-*-*-*

## စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံတွင် ခွဲစိတ်ကုသပေးမည်

**စစ်ကိုင်း နိုဝင်ဘာ ၈**

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုးဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံတွင် ရန်ကုန်မြို့မှ ခွဲစိတ်အထူးကုဆရာဝန်ကြီးပါမောက္ခ ဒေါက်တာဝင်းမြင့်အဖွဲ့နှင့် ဆေးရုံဝန်ထမ်းများ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ သည်းခြေအိတ်ကျောက်တည်ခြင်းရောဂါ အူကျရောဂါ၊ လည်ပင်းကြီးရောဂါ၊ မုတ္တရောဂါ၊ လိပ်ခေါင်းရောဂါများကို စမ်းသပ်စစ်ဆေးကုသပေးမည် ဖြစ်သည်။

ကုသမှုခံယူလိုသော လူနာများသည် နိုဝင်ဘာ ၁၉ ရက်အထိ ဆေးရုံဝန်ထမ်းများက ကြိုတင်စမ်းသပ်စစ်ဆေးပြီးမှသာ ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် ဆက်လက်ကုသနိုင်ရန် ရက်ချိန်းပေးမည်ဖြစ်ပြီး မိမိတို့၏ဆေးမှတ်တမ်းများနှင့် သောက်နေသောဆေးများယူဆောင်လာရန်နှင့် ကုသမှုအစီအစဉ်သိလိုပါက ဆေးရုံဖုန်း ၀၉-၄၅၀၂၀၀၇၃၇နှင့် ၀၉-၄၅၀၂၀၀၇၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(၀၄၅)

## တစ်ချက်တည်း ကျင်းဝင်

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီက ဦးရန်နိုင်လင်းသည် အတူကစားဖော်များဖြစ်ကြသော ဦးကောကော၊ ဦးဝင်းနိုင်ဦး၊ ဦးနော်လွမ်း၊ ဦးစိုင်းဖော်မင်းဦးတို့နှင့်အတူ ဂေါက်ရိုက်ကစားရာ ၁၅၈ ကိုက် ကွာဝေးသော ကျင်းအမှတ်(၁၄)၌ ဂေါက်တံအမျိုးအစား Taylormade M-3 IRON-8 ဖြင့် ဂေါက်သီးအမျိုးအစား Titleist Pro V-1X4 ကို ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသဖြင့် SWEETY HOME ကုမ္ပဏီမှ ငွေကျပ် နှစ်သိန်းတန် ကူပွန်ဆုချီးမြှင့်သည်။ Myanmar Casual Wear ကုမ္ပဏီမှ ဂေါက်အိတ်တစ်လုံး ဆုချီးမြှင့်ခဲ့ပြီး ရှောက်လုံခမ် ဟော့ပေါ့မှ ငွေကျပ်ငါးသိန်းတန် ကူပွန်ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကဆ)




## ပညာဘဏ်တိုက်စာကြည့်တိုက်ဆောက်လုပ်မှု ၉၀ ရာခိုင်နှုန်း ပြီးစီး

**မြို့သစ် နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ပြည်သူများ အသိပညာဗဟုသုတရရှိစေရေး၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်မားရေးအတွက် နိုင်ငံတော်၏လှူဒါန်းထောက်ပံ့ငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် မြေပြင်သာကျေးရွာအုပ်စု၊ မြေပြင်သာကျေးရွာ၊ ပညာဘဏ်တိုက်စာကြည့်တိုက်အဆောက်အအုံကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လကစတင်ပြီး ဆောက်လုပ်လျက်ရှိရာ နိုဝင်ဘာ ၆ ရက်အထိ ၉၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးပြီ ဖြစ်သည်။

မြေပြင်သာကျေးရွာ၊ ကျေးလက်စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်ရာတွင် မြို့နယ်အဆင့် စာကြည့်တိုက်များအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်ရာတွင် သတ်မှတ်ထားသည့် Drawing၊ Design များအတိုင်းဆောက်လုပ်၍ အရည်အသွေးပြည့်မီစေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ စာကြည့်တိုက်ဆောက်လုပ်မှုအမြန်ပြီးစီးရေး ကျေးရွာစာကြည့်တိုက်ဆောက်လုပ်မှု ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုန်လေး

## ရတုသာမြဲ ကထိန်ပွဲ ဆင်နွှဲပျော်ကြ ရာသီလ

* ရတုသာတုန်း
တန်ဆောင်မုန်းမှာ
လှခေါင်ရှုံးပါတဲ့
ဖုံးစလုံးစ မြလယ်ယာ ။

* လယ်ခင်းတွေမှာ
ဆင်းရွှေဝါ အနံ့တွေဖြစ်စေဖို့
အားသစ်တွေ သွင်း ။

* ကြွတ္တိကာ ယုဉ်ကာပ
ဗြိဿာရာသီ
ခဝဲရွှေညာရင်းမှာလ
သင်းပျံ့ဝေစီ ။

* ချိန်ခါညီလို့
သာပေတောင်း
ဆေးပေါင်းစုံ ခရာကြ
ထူးတဲ့ ဒီလ ။

* မီးခိုးမြူတိမ်
သူရိန်ဆီးနှင်း
ညစ်ကြေးစုံကင်းပါလှ
ဝင်းကာပတဲ့ သမယလပြည့်ခါ ။

* ဗုဒ္ဓဟော နှုတ်ခြွေဟောပါတဲ့
သာမညဖလ မြတ်ဒေသနာ
အခါတော်နေ့ရယ်လို့
မှတ်ကြစေရာ ။

* မဂ်လမ်းကိုကွယ်
တက်လှမ်းဖို့ကြံရွယ်
အမှန်ကွဲ့ မျှော်မှန်း
ကထိန်လှျာ မြတ်သင်္ကန်းကိုလ
သိမ်ပေါ်မှာ ဥတ်ကမ္မဝါနဲ့ကွယ်
ဆက်ကပ် လှူဒါန်း ။ ။

ချစ်ဝေ(ခေမာမြေ)

## သတင်းပဒေသာ

### အာဟာရပစ္စည်းများနှင့် ထောက်ပံ့ငွေ ပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် အာဟာရပစ္စည်းများနှင့် ထောက်ပံ့ငွေ ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက ရွှေဘိုပြည်သူ့ဆေးရုံကြီးတွင် ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးနှင့် အဖွဲ့ဝင်များက ရွှေဘိုပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေကြသည့် လူနာများအား ကြည့်ရှုအားပေးကာ အာဟာရပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### Human Resource(HR) သင်တန်းဖွင့်လှစ်

စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် EDNA Myanmar တို့ပူးပေါင်း၍ Human Resource(HR) သင်တန်းကို နိုဝင်ဘာ ၅ရက်က ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး သင်တန်းနည်းပြများမှ သင်တန်းတွင်ပို့ချမည့် Communication Scale, Presentation, Human Resource(HR), Management ဘာသာရပ်များအား စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### တောင်သူစိုက်ပျိုးနည်းပညာပေး ဆွေးနွေးပွဲ ကျင်းပ

ရွှေတောင်မြို့နယ်၊ နွားခြံကုန်းအုပ်စု၊ ကျွန်းတန်းရိုးကျေးရွာတွင် ယမန်နေ့ နေ့လယ်ပိုင်းက တောင်သူစိုက်ပျိုးနည်းပညာပေး ဆွေးနွေးပွဲကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က အမှာစကား ပြောကြားသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြိုင်က မြေပဲသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာများကိုလည်းကောင်း၊ ခရိုင်မျိုးစေ့ထုတ်တာဝန်ခံ ဒေါ်မြင့်မြင့်သိန်းက မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာများကိုလည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်အေးအေးမင်းက မြေပဲတွင် လိုအပ်သော မြေဆီလွှာအာဟာရဓာတ်များအကြောင်းကိုလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ပိုးမွေးမြူရေးသင်တန်း ဖွင့်လှစ်သင်ကြား

ကချင်ပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ကြီးမှူး၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ပိုးမွေးမြူရေးသင်တန်း (ပိုးစာနှင့် စိုက်ပျိုးမွေးမြူရေးသင်တန်း) (၁/၂၀၂၄) ဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက မန်ခိန်ရပ်ကွက်ရှိ မြစ်ကြီးနားမြို့ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ ပိုးစာခြံသင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

ပြည်နယ်အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသူရိန်လင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများက ပိုးစာပင်စိုက်ပျိုးခြင်း၊ ပျိုးထောင်ခြင်း၊ ပိုးဥဖောက်ခြင်း၊ ပိုးငယ်စဉ်မွေးမြူခြင်း၊ ပိုးကြီးစဉ်မွေးမြူခြင်းများအား စာတွေ့ လက်တွေ့ စတင်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## (၁၆)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



**ကျွန်းလှ နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် (၁၆)ကြိမ်မြောက် စုပေါင်းဘုံမဟာကထိန်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၈ နာရီက မြို့ဦးရွှေကျင်ကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပင့်သံဃာအပါး ၇၀ကျော်အား ဌာနဆိုင်ရာများ၊ ရပ်ဝေးရပ်နီးပြည်သူများက ဆွမ်းဆန်စိမ်း အစရှိသော လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား ဩကာသ ကန်တော့ကျိုးဖြင့် ပူဇော်ကန်တော့ကြပြီး ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြ၍ ကန့်ဘလူမြို့ ကန်တော်ဦးကျောင်းတိုက်ဆရာတော် ဦးသောဘနထံမှ အနုမောဒနာတရား နာကြားကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှတမ်း ပေးဝေကြကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)



## ရာသက်ပန်ဆွမ်းပဒေသာပင်လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တကေသဝ(ဓမ္မစရိယ၊BA) ဟောကြားချီးမြှင့်သော ရေစက်ချတရားတော်ကို နာယူကြည်ညိုကြပြီး မန္တလေးမြို့၊ ၂၇လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားနေ ဦးလှသော်+ဒေါ်သန်းကြည် မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း၃၀ ဖြည့်စွက်လှူဒါန်းငွေကျပ် ဆယ်သိန်း၊ စုစုပေါင်းငွေကျပ်သိန်း ၄၀ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူသည်။

အဆိုပါ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(အောက်ပုံ)(ကဆ)




**မန္တလေး၊ အောင်မြေသာစံမြို့နယ် ၆၂လမ်းနှင့် ၁၄လမ်းထောင့် ရှိ စီဝိတဒါနသာသနာ့ အထူးကုဆေးရုံကြီးသို့ အလှူရှင် ဖခင်ကြီး ဦးမောင်မောင်အား ရည်စူး၍ ဒေါ်မြင့်မြင့်ကြည်နှင့် သား၊ သမီးမြေးတစ်စု(အဆွေမွန်ကဖေးနှင့် New Light ကားဝါယာရိမ်းလုပ်ငန်း)မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းတိတိကို ဆေးရုံဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းထံသို့ ယမန်နေ့က ပေးအပ်လှူဒါန်းစဉ်။** (ကဆ)



## မင်းကင်းမြို့နယ်အသင်းနှင့် တိုးကြွယ်မိသားစုက ကထိန်ပဒေသာပင်များ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၈**


မန္တလေး၊ တောင်စလင်းတိုက်သစ်ဘာဝနာဌာန၊ နယ်စပ်တောင်တန်းဒေသ၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် ပဓာနနာယကဆရာတော်အဖြစ် ဦးဆောင်သော (၁၇)ကြိမ်မြောက် စုပေါင်းဘုံကထိန်တော်သို့ မင်းကင်းမြို့နယ်အသင်းနှင့် (တိုးကြွယ်-ရေခဲမုန့်)မိသားစုတို့က စုပေါင်း၍ ပဒေသာပင် ၃၁ ပင်အား ယမန်နေ့ နံနက် ၉ နာရီက တောင်စလင်းတိုက်သစ် ဆွမ်းစားကျောင်း (ဒဗ္ဗပလ္လပုတ္တ)တွင် လှူဒါန်းရေစက်ချရာ ဆရာတော် ဘဒ္ဒန္တတိက္ခကိုယ်စား ဆရာတော် ဘဒ္ဒန္တပညာသီရိက လက်ခံရယူကြောင်း သိရသည်။

အဆိုပါ အခမ်းအနားအား နာမေတသ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ဆရာတော်ဘဒ္ဒန္တပညာသီရိထံမှ ငါးပါးသီလခံယူဆောက်တည်သည်။ ၎င်းနောက်ဆရာတော်ထံမှ ရေစက်ချတရားနာယူပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းသည်။ အခမ်းအနားအပြီးတွင် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး) ဥက္ကဋ္ဌ ဦးလှဝင်းက ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ အဆိုပါအဖွဲ့မှ မင်းကင်းမြို့နယ်အသင်းသည် ပျဉ်းကိုင်းကျေးရွာရှိ စုပေါင်းဘုံကထိန်တော်အတွက် ကထိန်မတည်ငွေကျပ် တစ်ဆယ့်လေးသိန်းကို လှူဒါန်းမည်ဖြစ်ကြောင်း အလှူရှင်များထံမှ တစ်ဆင့် သိရသည်။ (အပေါ်ပုံ)

(ကဆ)

**မီးမရှို့၊ မြေမမြှုပ်**
**စက္ကူတွေကို ဒါနလုပ်။**

# ကြေးနောင်အကြောင်း သိကောင်းစရာ



မြန်မာ့ဆိုင်းဝိုင်းတော်များ ဖွဲ့စည်းရာတွင် ပါဝင်သော ကြေးမောင်းကြီး၊ ကြေးမောင်းလတ်၊ ကြေးနောင်၊ လင်းကွင်း၊ စည်းဝါး၊ သံလွင် အစရှိသည်တို့ကို ထည့်သွင်းအသုံးပြုရသည်။ ရတနာပုံခေတ်တွင် ထင်ရှားသော ကြေးနောင် ဆရာရိုး ဆိုသူရှိခဲ့သည်။ ပုဂံခေတ်ကတည်းက ကြေးသွန်းကြေးခေတ်ပညာနှစ်မျိုးရှိသည့်အနက် ကြေးနောင် ဆရာရိုးသည် ကြေးနောင်ပစ္စည်းတစ်မျိုးတည်းကိုသာ အဓိကထားလုပ်ဆောင်ခဲ့သောကြောင့် ကြေးနောင် ဆရာရိုးဟု လူသိများခဲ့ရခြင်းဖြစ်သည်။

ကြေးနောင် ဆရာရိုးထံမှ ကြေးတူရိယာပစ္စည်းများကို ဝယ်ယူအသုံးပြုခဲ့သော ရွာစားကျော် နန်းသုံးဆိုင်းပညာရှင် ဆရာဖေကြီးဆိုသူသည် အလွန်နာမည်ကြီး ကျော်ကြားထင်ရှားခဲ့ပေသည်။ ရွာစား ဆရာဖေဆိုသည်မှာ ရတနာပုံခေတ် သီပေါဘုရင်လက်ထက်တွင် နန်းတွင်းအသုံးတော်ခံ ရွာစားအတွင်းတော်တီးဘွဲ့ဖြူလက်ျာစိန်ဆိုင်းနှင့် နေမျိုးသီရိကျော်စွာခေါင်ဘွဲ့ ချီးမြှင့်ခံရသော ဆိုင်းပညာရှင် တစ်ဦးဖြစ်ပြီး ဆရာစိမ့်၊ ဆရာစိန်ဗေဒါတို့၏ ဖခင်ဖြစ်သည်။ သား နှစ်ဦးတို့သည်လည်း နာမည်ကျော်ရွာစားများဖြစ်ကြသည်။

ကြေးနောင်ဆိုသည်မှာ တူရိယာအသံထည့်၍ တီးခတ်ရာတွင် အသုံးပြုရသော ဆိုင်းဝိုင်းတစ်မျိုးဖြစ်သည်။ မြန်မာ့ဆိုင်းဝိုင်းတော်ကြီးများတွင် ပတ်ဝိုင်းတီးဆရာ၊ ကြေးနောင်တီးဆရာ၊ မောင်းဆိုင်းဆရာ၊ ပတ်မတီးသူ၊ ပတ်မချောင်ဝိုင်းဆရာနှင့် နှဲ၊ လင်းကွင်း၊ ဗုံ၊ စည်း၊ သံလွင်၊ ဝါးလက်ခုပ်တီးသူအားလုံး စုပေါင်း၍ စုံစုံညီညီဖြင့် တီးလုံးတီးကွက်ကို တီးမှုတ်ဖျော်ဖြေညှိခံကြရာ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသဖြင့် တွေ့ရ၊ မြင်ရ၊ နားဆင်ရသော ကြွရောက်လာသူ ပရိသတ်များ၏ လက်ခုပ်သြဘာသံများ အဆက်မပြတ်ကြားရသောကြောင့် စာရေးသူလည်း လေ့လာအကဲခတ်ကြည့်ရာ အကြိုက်တွေ့ခဲ့ရသည်။ ဝိုင်းတော်သားများသည် အားလုံးကိုယ်စီ ကိုယ့်တာဝန်ကိုယ် ကျေပွန်စွာ လှုပ်ရှားကြကာ တီးမှုတ်ဖျော်ဖြေနေကြသည်ကို တွေ့မြင်ရသည်။ တစ်ယောက်ချင်း တစ်ခုချင်းစီ အစမ်းတီးနေကြစဉ်က ဤမျှလောက်နားထောင်ကောင်းမည်မှန်း သိနိုင်မည်မဟုတ်ပေ။ အံ့နှင့်ကျင်းနှင့် စုပေါင်းတီးမှုတ်ကြသည့်အခါ မြိုင်ဆိုင်ကောင်းမွန်လှပေသည်။

ကြေးနောင်ဆိုင်းဝိုင်းအတွက် ကြေးနောင်အကြီးအသေး(၁၈)လုံးကို ‘တစ်စုံစာ’(သို့မဟုတ်) ဆိုင်းအခေါ် ‘တစ်ဝိုင်းစာ’ဟု ခေါ်သည်။ ထိုမျှမက အသံအသေးအကြီးနှင့် မြန်မာသံ ခုနစ်သံမှန်အောင် အဓိကထားဖော်ဆောင်လုပ်ကိုင်ရသဖြင့် ကြေးနောင်ခတ်လုပ်သူများသည်။ သံစဉ်သံပေါက်ဂီတသံကိုလည်း အတန်အသင့်နားလည်သဘောပေါက်အောင် ဗဟုသုတများကို တတ်နိုင်သမျှရှာဖွေလေ့လာထားရသည်။

ထိုသို့ မြန်မာသံ ခုနစ်ပါးနှင့် ကိုက်ညီရသည်ကို သီပေါမင်းလက်ထက်တွင် လက်ဖက်ရည်အသုံးတော်ခံစောင်းဆရာကြီး ဒေဝဣန္ဒာမောင်မောင်ကြီးက သံစဉ်ခုနစ်ပါးအမည်များပေးခဲ့ကြောင်း ဗဟုသုတအဖြစ် ဤသို့ မှတ်သားဖတ်ရှုဖူးသည်။ မှတ်တမ်းမှတ်ရာ စာရွက်များမှာ ဟောင်းနွမ်းပျက်စီးနေပြီဖြစ်၍ စာရေးသူမှ ကွန်ပျူတာစာစီကာ ထိန်းသိမ်းစောင့်ရှောက်သိမ်းဆည်းထားရပေသည်။

**အသံသာသာ တူရိယာမှာ**
**ဦးစွာညွင်းလုံး တစ်နှန်းအောက်ပြန်**
**တစ်ဖန်ပုလဲ  သည်မှုခွဲမူ**
**မြဉ္ဇိုင်းဟူ၍ ဒူကရဒွေး**
**ခေါ်ရေးထိုနောက် ခြောက်သွယ်အညွန့်**
**ကွန့်မြူးတစ်ဖန် ပြည်တော်ပြန်ဟု**
**မှတ်ရန်အများ ခုနစ်ပါးကို**
**သိညားလွယ်ကူစေသတည်း။**

ဤအသံဖြစ်စဉ်များကို တီးမိခေါက်မိစေရန် နားလည်သိရှိနိုင်ရန် ကြေးနောင်ခတ်လုပ်သူတို့ ဗဟုသုတအဖြစ် လေ့လာဆည်းပူးသင်ယူထားကြရသည်။ ပြည့်စုံမှန်ကန်စွာ မသိရှိနိုင်သည့်တိုင် အခြေခံသဘောတရားအားဖြင့်မူ နားလည်စေရန် နာယူမှတ်သားထားကြရသည်မှာ အမှန်ပင် ဖြစ်သည်။ မြန်မာ့ဂီတပညာရပ်တွင် အခြေခံကျသော အသံကြီးသုံးပါးရှိပြီး ၎င်းတို့မှာ တျာ၊ တော၊ တျောဟူ၍ အသံများနှင့် ကိုက်ညီစေမည့် ခုနစ်ပေါက်သံ၊ လေးပေါက်သံ၊ ငါးပေါက်သံစသည်အားဖြင့် ခွဲခွဲမြဲမြဲမှတ်ယူထားပြီး ကြေးနောင် များခတ်လုပ်ပေးကြရသည်မှာ ယနေ့ထိတိုင် ဖြစ်ပေသည်။

ခုနစ်ပေါက်သံသည် ညွင်းလုံး၊ လေးပေါက်သံသည် အောက်ပြန်၊ ငါးပေါက်သံသည် မြဉ္ဇိုင်း၊ နှစ်ပေါက်သံသည် ဒူကရ၊ ခြောက်ပေါက်သံသည် ခြောက်သွယ်ညွန့်၊ သုံးပေါက်သံသည် **ပြည်တော်ပြန်** ခေါ်ဆိုကြောင်း မှတ်သားထားရသည်ဟု ပြောကြသည်။ ရှေးခေတ်ကမောင်း၊ ကြေးနောင်၊ လင်းကွင်းပညာရှင်ကြီးများ ပြောဆိုမှာကြားသွားကြသော ဗဟုသုတစကားမှာ ‘မြန်မာ့တူရိယာ’အသံများတွင်အသံ‘အသေးအကြီး’လည်း ပါဝင်ကြောင်း၊ ထိုအသံများမှာ ဆင်သံ၊ မြင်းသံ၊ နွားသံ၊ ဥသြသံ၊ ကြိုးကြာသံ၊ ဆိတ်သံ၊ ဥဒေါင်းသံ စသည်တို့ကဲ့သို့လည်း ပမာတူကြောင်းကို အစဉ်အဆက်မှတ်သားခဲ့ကြသည်။

**ရှေးခေတ်လူတို့ မှတ်တမ်း**

ထိုသို့ ရှေးခေတ်ပညာရှင်ကြီးများ ရှိခဲ့ကြသည်မှာ စာရေးသူမှတ်မိသမျှ တင်ပြရလျှင် မောင်းဆရာကြီး ဦးချစ်၊ ဦးသစ်တို့မှ ကြေးမောင်းဆရာ ဦးမြသာ၊ ကြေးနောင်ဆရာ ဦးဘသင်မှ ကြေးနောင်ဆရာ ဦးစိန်ကတုံး၊ မောင်းလတ်ပညာရှင်များမှာ ဦးညွန့်မောင်၊ ဦးသန်းအောင်၊ ဦးဖိုးချန်၊ ဦးနီ၊ လင်းကွင်းပညာရှင် ဦးစိန်လှိုင်၊ ဦးဘအောင်၊ ဦးကုလား၊ ဦးသံချောင်းတို့ ရှိခဲ့ကြသည်။

ရှေးလူကြီးများ ပြောကြားသွားခဲ့ကြသော ဗဟုသုတများနှင့် ကြေးမောင်း၊ ကြေးနောင်များကို နောင်လာနောက်သား ကြေးခတ်လုပ်သားများအတွက် ရေးမှတ်ခဲ့ကြသော စာများရှိခဲ့ကြောင်း သိရသည်။

မှန်ပါသည်။ ရှေးလူကြီးများသည် ဆိုင်းပညာရှင်၊ သဘင်ပညာရှင်တို့ထံမှလည်း သိခဲ့ရသော အချက်များကို ရေးမှတ်တတ်ကြသည်။ ကြေးနောင်ဆရာရိုးထံမှ ကြေးတူရိယာများ ဝယ်ယူအသုံးပြုခဲ့သော ရွာစား ဆရာဖေကြီးအကြိုက် အသံထွက်ရှိမှု၊ အသုံးပြုမှု နည်းစနစ်များအတိုင်း နောင်သောအခါတွင် ဆရာဖေကြီးမရှိတော့သောအခါ ဆရာစိမ့်၊ ဆရာစိန်ဗေဒါတို့ကိုလည်း များစွာအကူအညီပေးကာ ကြေးမောင်း၊ ကြေးနောင်များ ခတ်လုပ်ပေးခဲ့ကြသည်။ ကြေးမောင်းနှင့် ကြေးနောင်မှာ ပုံသဏ္ဍာန်အားဖြင့်တူညီသော်လည်း မောင်းထက် ကြေးနောင်က ကြေးသားထူသည်။ အရွယ်သေးသည်။ မောင်းက အသံကြီးပြီး ကြေးနောင်က အသံသေးသည်။ အချဉ်ပေါင်းရောင်းသူတို့ အသုံးပြုသော ကြေးနောင်များအတိုင်း ‘နောင်နောင် မောင်မောင်’ မြည်တတ်သည်။ အသုံးပြုတီးပါများလျှင် အသံထွက်ရှိမှု ပြောင်းတတ်သည်။ ‘အသံတိမ်း’သည်ဟု ဆိုင်းပညာများက ပြောတတ်သည်။ ကြေးနောင်ခတ်လုပ်သော ဖိုတဲမှ အပြီးအစီးထွက်လာသည့် ကုန်ချောပစ္စည်း၊ ကြေးနောင်တစ်ဝိုင်းစာ အလုံးရေအားဖြင့် (၁၈)လုံးကို အသံဖော်ပေးထားသည်မှာ ‘တစ်ဆယ်ခွဲအသံ’ဟုသိရပြီး ဆယ့်တစ်သံသည် အသံကြီးသည်။ အသံရသော ဇာတ်မင်းသားကြီးများ အကြိုက်မှာ ဆယ့်ခြောက်မူးအသံ နှင့် တစ်ဆယ်ခွဲအသံတို့ကြားမှာ အသုံးပြုကြသည်ဟုလည်း သိရသည်။

ကြေးဖြင့် ခတ်လုပ်သော ကြေးတူရိယာများမှာ အသံစည်စည်ထွက်ရှိသည်။ အသံလှိုင်းဖြစ်သော နောက်သံ အတိုအရှည်သာ၊ အသံထွက်ရှိမှု ကွာတတ်သည်။ လုပ်နည်းလုပ်ဟန်မှာ တစ်သမတ်တည်း ဖြစ်သည်။ ကြေးနောင်ပညာရှင်တစ်ဦးက ကြေးနောင်ကိုပက်လက် လှန်၍ အဖျားသို့ကန်ကာ ခတ်ယူလျှင် ကြေးပြားတင်းပြီး အသံသေးသည်။ ကြေးနောင်ကို မှောက်၍ ဘုဘေးပတ်လည်ကို တူသေးများဖြင့် ခတ်ယူလျှင် ကြေးပြားလျော့ပြီး အသံကြီးသည်ဟု ပြောပြခဲ့ဖူးသည်။ ဤသို့ ကြေးနောင်ဆိုင်းများ ခတ်လုပ်ရာတွင် လက်ဝင်ပင်ပန်းပြီး အသံပါရခြင်းအကြောင်းများကို ရေးသားတင်ပြရခြင်းမှာ မြန်မာ့ဂီတ၊ မြန်မာ့သုခုမပညာရပ်များသည် သံစဉ်မှန်သော ကြေးတူရိယာပစ္စည်းများရှိမှသာလျှင် အထောက်အပံ့ကောင်းသဖွယ် ဖြစ်ပေလိမ့်မည်။ မြန်မာမှုပညာရှင်တို့၏ အတွေ့အကြုံ၊ လုပ်နည်းစနစ်၊ သဘောသဘာဝတို့သည် မြန်မာ့တူရိယာနှင့်ပေါင်းစပ်ကာ လုပ်ကိုင်ရသည်ဖြစ်ရာ ရှေးခေတ်မြန်မာ့လက်မှု ကြေးခတ်ပညာရှင်တို့မှ စံသတ်မှတ်ချက်များ အခိုင်အမာရှိခဲ့ပြီဖြစ်သည်ကိုပြဆိုရာ ရောက်ပေသည်။ ယခုအခါ ကြေးနောင်ခတ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးတည်းသာ ကျန်ရှိတော့ရာ စာရေးသူမှာ ကြေးနောင်အရေး၊ ဘေးရှောင်ပေးနေ၍ မနေသာတော့သော အခြေအနေရောက်နေပြီဖြစ်သည်။ မြန်မာ့ဂီတတွင် တူရိယာငါးပါးဖြစ်သော ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်တို့ ပေါင်းစပ်ပြီး ဖွဲ့စည်းအသုံးပြုကြသောကြောင့် ကြေးတူရိယာ မောင်း၊ ကြေးနောင်၊ လင်းကွင်း၊ မောင်းဆိုင်း၊ စည်းဝါးတို့ ပါဝင်ကာဖြင့် မြန်မာ့ဆိုင်းဝိုင်းတော်ကြီးများ မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ဖျော်ဖြေမှုများကို ပံ့ပိုးကာ ဆက်လက်တည်တံ့ခိုင်မြဲစေရန် ဆုတောင်းမိပြီး ကြေးတူရိယာလုပ်ငန်းလုပ်ကိုင်သူ ကြေးခတ်ပညာရှင်တို့ ထပ်မံပေါ်ထွန်းနိုင်ပါစေ၊ မြန်မာ့ဂီတသုခုမ ဆိုင်းပညာရှင်တို့ကို အားပေးကူညီနိုင်ကြပါစေဟူ၍ ကြေးနောင်အရေး စိတ်အေးရအောင်တိုက်တွန်းကာ ရေးသားတင်ပြလိုက်ရပါတော့သည်။

ဦးနေဝင်း ဗန္ဓုလ(ကြေးသွန်း)

## မဲဆွယ်စည်းရုံးရေးမန်နေဂျာ စူဇီဝီလက်စ်ကို အိမ်ဖြူတော်ညွှန်ကြားရေးမှူးချုပ် ခန့်အပ်မည်



**ဝါရှင်တန် နိုဝင်ဘာ ၈**

၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ မိမိအနိုင်ရအောင် မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို စီမံခန့်ခွဲပေးခဲ့သူ အသက် ၆၇ နှစ်အရွယ် စူဇီဝီလက်စ်ကို အိမ်ဖြူတော်ညွှန်ကြားရေးမှူးချုပ်အဖြစ် ခန့်အပ်မည်ဟု ဒေါ်နယ်လ်ထရမ့်က နိုဝင်ဘာ ၇ ရက်တွင် ထုတ်ဖော်အတည်ပြုလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စူဇီသည် ဖွဲ့စိတ်သန်ပြီး ပိရိသေသပ်ကာ ဆန်းသစ်သောစိတ်ကူးရှိသူဖြစ်ရာ မိမိတို့နိုင်ငံအတွက် ဂုဏ်ယူရမည့်သူဖြစ်ကြောင်း ဒေါ်နယ်လ်ထရမ့်က ထုတ်ဖော်ချီးမွမ်းခဲ့သည်။

မာရာလာဂိုအိမ်တော်သို့ အဝင်အထွက်များပြီး ဒေါ်နယ်လ်ထရမ့်နှင့်အနေနီးစပ်သော အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်း ကယ်ဗင်မက္ကာသီကို အိမ်ဖြူတော်ညွှန်ကြားရေးမှူးချုပ်အဖြစ် ခန့်အပ်မည်ဟု အများထင်ကြေးပေးသော်လည်း လွဲချော်ခဲ့ကြောင်း သိရသည်။

Mon

## အကြမ်းဖက်သမားများ၏ မိသားစုဝင်ဆွေမျိုးများကို ဌာနေသို့ပြန်ပို့ရန် အစ္စရေးပါလီမန် ဥပဒေအတည်ပြုပြဋ္ဌာန်း

**ဂျေရုဆလင် နိုဝင်ဘာ ၈**

အကြမ်းဖက်သမားများ၏ မိသားစုဝင်ဆွေမျိုးများကို သက်ဆိုင်ရာဌာနေနိုင်ငံသို့ ပြန်ပို့ရန် အစ္စရေးပါလီမန်က နိုဝင်ဘာ ၇ ရက်တွင် ဥပဒေအတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အာဏာရဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု၏ လီကွတ်ပါတီမှ ဥပဒေပြုအမတ်များ ဦးဆောင်ရေးဆွဲခဲ့သောဥပဒေကြမ်းကို မဲခွဲဆုံးဖြတ်ရာ ၆၁မဲ-၄၁ မဲရလဒ်ဖြင့် ပြဋ္ဌာန်းနိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါဥပဒေအရ အစ္စရေးကိုဆန့်ကျင်တိုက်ခိုက်ခဲ့သည့် ပါလက်စတိုင်းအကြမ်းဖက်သမားများ၏ မိသားစုဝင်ဆွေမျိုးသားချင်းများကို အစ္စရေးနိုင်ငံမှ ပြည်နှင်မည့်သဘောဖြစ်သည်။

ပြည်နှင်ခံရမည့်သူများကို ဂါဇာကမ်းမြောင်ဒေသအပါအဝင် ပါလက်စတိုင်းနယ်နိမိတ်ထဲသို့ ပြန်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။ Mon





## အစ္စရေးက ဘေရွတ်မြို့တော်ကိုတိုက်ခိုက်သဖြင့် ဟစ်ဇဘိုလာက တယ်လဗီမြို့သို့ ဒရုန်းများပို့လွှတ်

**ဂျေရုဆလင် နိုဝင်ဘာ ၈**

အစ္စရေးက လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တော်ကိုတိုက်ခိုက်သဖြင့် ဟစ်ဇဘိုလာဘက်က နိုဝင်ဘာ ၇ ရက်တွင် လက်တုံ့ပြန်ကာ တယ်လဗီမြို့သို့ ဒရုန်းများပို့လွှတ်ပြီး စစ်ဘက်ဆိုင်ရာပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မိမိတို့၏ဒရုန်းများသည် တယ်လဗီအပြည်ပြည်ဆိုင်ရာလေဆိပ်အနီးရှိ အစ္စရေးစစ်အခြေစိုက်စခန်းကို ဦးတည်တိုက်ခိုက်ခဲ့ကြောင်း ဟစ်ဇ်ဘိုလာဘက်က သတင်းထုတ်ပြန်သည်။

ဒရုန်းယာဉ်များ၏တိုက်ခိုက်မှုကို ဟန့်တားချေမှုန်းပြီးနောက် အစ္စရေးတပ်ဖွဲ့များက ဘေရွတ်မြို့တော်ရှိ ဟစ်ဇဘိုလာပစ်မှတ်များကို ချက်ချင်းလက်တုံ့ပြန်ပြီး လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## သတ္တိခဲထရမ့်နှင့် ဆွေးနွေးရန်အသင့်ရှိသည်ဟု ရုရှားသမ္မတ ပူတင် ထုတ်ဖော်ပြောကြား

**မော်စကို နိုဝင်ဘာ ၈**

သတ္တိခဲဒေါ်နယ်လ်ထရမ့်နှင့် မိမိဆွေးနွေးရန်အသင့်ရှိသည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင် နိုဝင်ဘာ ၇ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပင်လယ်နက်အပန်းဖြေကမ်းခြေမြို့ ဆိုချီ၌ လက်ခံကျင်းပသော အပြည်ပြည်ဆိုင်ရာ ဗလာဒိုင်းဖိုရမ်၌ အမှာစကားပြောစဉ် သမ္မတ ဗလာဒီမာပူတင်က ယင်းကဲ့သို့ပြောကြားလိုက်ခြင်း ဖြစ်သည်။

မိမိအမြင်အရ ဒေါ်နယ်လ်ထရမ့်သည် လုပ်ကြံခံရမှုမှ လွတ်မြောက်ခဲ့ပြီးနောက် မကြောက်မရွံ့ဘဲ ယောကျ်ားပီသစွာပြုမူခဲ့သော သတ္တိခဲဖြစ်သည်ဟု ဗလာဒီမာပူတင်က ချီးမွမ်းပြောဆိုခဲ့ကြောင်း သိရသည်။

Mon



## အသက် ၁၆ နှစ်အောက်အရွယ်ကလေးသူငယ်များကို သြစတြေးလျဝန်ကြီးချုပ်က လူမှုကွန်ရက်မသုံးစေလို



**ကင်ဘာရာ နိုဝင်ဘာ ၈**

အသက် ၁၆ နှစ်အောက်အရွယ် ကလေးသူငယ်များကို လူမှုကွန်ရက်မသုံးစေလိုကြောင်း သြစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘာနီးစ် မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုသို့ပြောကြားပြီးနောက် ကလေးများ အင်တာနက်လူမှုကွန်ရက်သုံးခြင်းကို ပိတ်ပင်တားမြစ်သည့်ဥပဒေကြမ်း ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အင်တာနက်လူမှုကွန်ရက်များသည် ကလေးသူငယ်များကို ဘေးဥပါဒ်ဖြစ်စေနိုင်သဖြင့် ပိတ်ပင်တားမြစ်မှုဖြစ်မည်ဟု မိမိယူဆကြောင်း အန်သိုနီအယ်လ်ဘာနီးစ် ရှင်းပြသည်။

ယခုနှစ်နှောင်းပိုင်းတွင် အဆိုပါဥပဒေကြမ်းကို ပါလီမန်သို့တင်သွင်းပြီး မဲခွဲဆုံးဖြတ်ကာ ပြဋ္ဌာန်းသွားမည် ဖြစ်သည်။

ထိုဥပဒေအရ အင်စတာဂရမ်၊ ဖေ့စ်ဘွတ်ခ်၊ တစ်တော့နှင့် အိတ်ခ်စ်လူမှုကွန်ရက်များကို ကလေးသူငယ်များ မသုံးရန်ပိတ်ပင်သွားမည်ဟု ဆိုသည်။

ထို့ပြင် ယူကျူ့ကိုလည်း အလားတူပိတ်ပင်မည့်အလားအလာရှိကြောင်း သိရသည်။

Mon

## အပြည်ပြည်ဆိုင်ရာသင်္ချာပြိုင်ပွဲ၌ နာမည်ကျော်ခဲ့သူ အခြေခံကျကျအမှန်တကယ် တတ်ကျွမ်းခြင်းမရှိ



**ပေကျင်း နိုဝင်ဘာ ၈**

အသက် ၁၇ နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်သူ ကျန်းပင်းသည် တရုတ်အခြေစိုက် အလီဘာဘာကုမ္ပဏီလက်အောက်ရှိ တမောအကယ်ဒမီကကြီးမှူးကျင်းပသော ယခုနှစ် အပြည်ပြည်ဆိုင်ရာသင်္ချာစွမ်းရည်ပြိုင်ပွဲ၌ နံပါတ် ၁၂ နေရာသို့ရောက်ရှိလာခဲ့ပြီးနောက် ဝေဖန်ကန့်ကွက်သူများရှိသဖြင့် စစ်ဆေးကြည့်ခဲ့ရာ နောက်ဆုံးတွင် ၄င်းသည် အဆင့်မြင့်သင်္ချာပညာကို အခြေခံကျကျအမှန်တကယ် တတ်ကျွမ်းခြင်းမရှိသေးဟု မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သောဇွန်လက ထွက်ပေါ်လာသည့် သင်္ချာပြိုင်ပွဲရလဒ်အရ ကျိုင်းစုလျန်းရွှေ သက်မွေးပညာအလယ်တန်းကျောင်း၌ ဖက်ရှင်သင်တန်းတက်နေသည့် ကျောင်းသူတစ်ဦးဖြစ်သော ကျန်းပင်းသည် တရုတ်နိုင်ငံရှိ ပေကျင်းတက္ကသိုလ်၊ အမေရိကန်ပြည်ထောင်စုရှိ မန်ဆာချူးဆက်နည်းပညာတက္ကသိုလ်နှင့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ အောက်စဖို့ဒ်တက္ကသိုလ် စသောနာမည်ကျော်တက္ကသိုလ်ကောလိပ်များမှ သင်္ချာပညာကို အထူးပြုဆည်းပူးလေ့လာသူများနှင့်တန်းတူ အစွမ်းပြနိုင်ခဲ့သဖြင့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများက ချီးမွမ်းရေးသား ဖော်ပြခဲ့ကြသည်။

တရုတ်နိုင်ငံတွင် ကျန်းပင်းကဲ့သို့ မီးခဲပြာဖုံးဉာဏ်ကြီးရှင်များ ရှိနေနိုင်သေးသည်ဟု ပြည်တွင်းအင်တာနက်လူမှုစာမျက်နှာများတွင် ရေးသားလွှင့်တင်ခဲ့ကြသည်။

အဆိုပါသင်္ချာပြိုင်ပွဲဝင်အချို့က ၄င်း၏သင်္ချာစွမ်းရည်ကို ပြည်လည်စစ်ဆေးပေးရန် တောင်းဆိုသဖြင့် စစ်ဆေးကြည့်ခဲ့ရာ ပြိုင်ပွဲဝင်ခဲ့ဖူးသော ၄င်း၏ဆရာကသင်ပြပေးသဖြင့် အခြေခံအဆင့်ကိုကျော်လွှန်ပြီး တတ်မြောက်ခဲ့ခြင်းဖြစ်သည်ဟု ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

0-0-0



ဂျပန်နိုင်ငံ တိုကျိုမြို့တော်အနောက်တောင်ဘက်ရှိ ဖူဂျီတောင်ပေါ်၌ ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် ပထမဆုံးအကြိမ်နှင်းကျသည်ကို နိုဝင်ဘာ ၆ ရက်က မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးထားစဉ်။ Mon






## Lee Min Hyo ၏ အချစ်ရေးသတင်း ထွက်ပေါ်လာ

ကိုရီးယားအနုပညာရှင် လီမင်ဟိုသည် Paradise Group ဥက္ကဋ္ဌ၏သမီး ဂျီအန်နာချူနှင့် အချစ်ရေးသတင်းကို သက်သေအထောက်အထားများစွာနှင့် ထွက်ပေါ်လာသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီမင်ဟိုနှင့် ဂျီအန်နာချူတို့ ဂျပန်နိုင်ငံ Edison ဟိုတယ်တွင် တည်းခိုလေ့ရှိကြောင်း ၂၀၂၄ခုနှစ် နှစ်စပိုင်းက ဂျီဒရယ်ဂွန်၏ နှစ်သစ်ကူးပါတီကို အတူတက်ရောက်ခဲ့ကြပြီး ဂျပန်ပါတီပွဲသို့ လီမင်ဟိုသွားခဲ့သည့် ကောလာဟလများ သက်သေနှင့်တကွ ထွက်ရှိခဲ့သည်။

ဖိုဘီ၏အဆိုအရ အဆိုပါဥက္ကဋ္ဌမှာ တောင်ကိုရီးယား၏ ၄၅ယောက်မြောက် အချမ်းသာဆုံးဖြစ်ပြီး ဒုတိယမျိုးဆက်အမွေခံသူ ဂျီအန်နာချူနှင့် လီမင်ဟိုတို့ နှစ်ဦးအချစ်ရေးကို ပရိသတ်စိတ်ဝင်စားနေကြသည်။ **SKY**

## Pierce Brosana ချစ်ခြင်းမေတ္တာကို ပြောင်းလဲမသွားကြောင်း သက်သေပြထား

ဂျိမ်းစ်ဘွန်းမင်းသားဟောင်း ပီရောခ့်ဘရိုဆန်သည် အိမ်ထောင်ရေးနှင့်ပတ်သက်၍ ချစ်ခြင်းမေတ္တာကို လက်ရှိဇနီးအပေါ် ခိုင်မြဲသော ချစ်ခြင်းနှင့် ပြောင်းလဲမသွားကြောင်း သက်သေပြထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပီရောခ့်ဘရိုက ဇနီးသည် ကီလေးရှာရီစမစ်နှင့် နှစ်ပေါင်းများစွာကြာ လက်ထပ်ခဲ့ပြီးနောက် ခန္ဓာကိုယ်ပြောင်းလဲ၍ ဝဖိုင့်လာသော ဇနီးသည်အပေါ် ခိုင်မြဲသော ချစ်ခြင်းနှင့် နက်ရှိုင်းစွာ ချစ်ခင်ကြောင်း အောက်ပါအတိုင်း ပြောကြားထားသည်။

အလှတရားသည် ယာယီသာဖြစ်ပြီး လူတိုင်းအသွင်အပြင်မှာလည်း အချိန်နှင့်အမျှ ပြောင်းလဲနေကာ မပြောင်းလဲသည်မှာ ချစ်ခြင်းမေတ္တာသာဖြစ်သည်။ မှန်ကန်သော လူတစ်ဦးနှင့် တွေ့ဆုံရန် အရေးကြီးပြီး ရုပ်သွင်ပြောင်းလဲသော်လည်း အတွင်းစိတ်က ချစ်နေကာ ထိုအချစ်က ထာဝရတည်မြဲစေခဲ့ခြင်းသာ ဖြစ်သည်ဟု ပီရောခ့်ဘရိုဆန်က ဆိုသည်။ **SKY**





## အိုမီဂါ ၃နှင့် အိုမီဂါ ၆ ဆေးဝါးသောက်သုံးသူများ ကင်ဆာရောဂါအမျိုးမျိုးမှ ကင်းဝေးနိုင်ဖွယ်ရှိ

အိုမီဂါ ၃နှင့် အိုမီဂါ ၆ ဆေးဝါးများတွင် ဖက်တီးအက်ဆစ်ဓာတ်ပါဝင်ပြီး သွေးတွင်းအဆီလျှော့ကျသဖြင့် နှလုံးရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးသည်။

ထိုဖက်တီးအက်ဆစ်သည် ခန္ဓာကိုယ်တောင့်တင်းပြီး အဆစ်များနာကျင်မှုကိုလည်း သက်သာစေသည်။

ထို့ပြင် စိတ်ကျဝေဒနာ၊ ပန်းနာရင်ကြပ်ရောဂါတို့ကိုလည်း သက်သာစေသည်။

အမေရိကန်ဆေးသိပ္ပံပညာရှင်များ၏ မကြာသေးမီက တွေ့ရှိချက်အရ ဖက်တီးအက်ဆစ်ဓာတ်ပါဝင်သော ထိုဆေးနှစ်မျိုးသောက်သုံးသူများ ဝမ်းဗိုက်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ ဦးနှောက်ကင်ဆာ၊ ကျောက်ကပ်ကင်ဆာအပါအဝင် ကင်ဆာရောဂါ အမျိုးမျိုးမှ ကင်းဝေးနိုင်ဖွယ်ရှိသည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

**SCI**

## Chou Tzuyu ၏ တစ်ကိုယ်တော်ဂီတ about TZU အောင်မြင်မှုရရှိထား




ထိုင်ဝမ်လူမျိုး ကေပေါ့ပ်အဆိုတော် ချောင်တီဇူယူ၏ တစ်ကိုယ်တော် ဂီတအယ်လ်ဘမ် about TZU မှာ ကမ္ဘာနှင့်တစ်ဝန်း ပရိသတ်အားပေးမှုများစွာ ရရှိထားသည် ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကေပေါ့ပ် သမိုင်းတစ်လျှောက် 95 Music Taiwan ၏ ဂီတအယ်လ်ဘမ်မှာ ရောင်းအားအကောင်းဆုံး ဂီတအယ်လ်ဘမ်တွင် နံပါတ်ကိုးနေရာ ချိတ်ခဲ့သည့် တစ်ဦးတည်းသော ကေပေါ့ပ်အနုပညာရှင် ဖြစ်ခဲ့သည်။

ဂျေဝိုင်ပီ အင်တာတိန်းမင့်က ချောင်တီဇူယူကို ပွဲဦးထွက်ချိန်မှစ၍ လက်ရှိအချိန်အထိ မွေးရပ်မြေ ထိုင်ဝမ်တွင် ဂီတပွဲအပါအဝင် ဂီတလှုပ်ရှားမှုတစ်ခုမှ လုပ်ပေးခြင်း မရှိခဲ့သော်လည်း ဂီတစွမ်းရည် ပြည့်ဝသည့် ချောင်တီဇူယူက The Light Of Taiwan ဟု တင်စားရလောက်အောင် တောက်ပလာခဲ့သည်။ **SKY**

## Nedech Kugimiyars ၏ နေ့စဉ်ဘဝဖြတ်သန်းမှုများ ရိုးရှင်း၍ ပရိသတ်သဘောကျနေ



ထိုင်းအနုပညာရှင်နာဒစ်ချ် ကူကီမီယာသည် နေ့စဉ်ဘဝဖြတ်သန်းမှုများကို သဘာဝကျကျ ဖြတ်သန်းနေ၍ ထိုင်းပရိသတ်များ သဘောကျနေကြသည်ဟု ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

နာဒစ်ချ်ကူကီမီယာသည် ရထားစောင့်စီးတတ်ပြီး ဆိုင်ကယ်ကယ်ရီနှင့်လည်း သွားလာတတ်ကာ တစ်ခါတစ်ရံ ကိုယ်တိုင် ဆိုင်ကယ်စီး၍ ဈေးဝယ်ထွက်လေ့ ရှိသည်ကို တွေ့ကြရသည်။

နာဒစ်ချ်ကူကီမီယာသည် အနုပညာရှင်တစ်ဦးဖြစ်ပြီး သူငယ်ချင်းနှင့်အတူတွဲ၍ The Recrafting အားကစားခန်းမဖွင့်ထားကာ ဟိတ်ဟန်မရှိဘဲ သူ၏ပိုင်ဆိုင်မှုများကို ထုတ်ဖော် ကြွားဝါခြင်းမရှိ နေ့စဉ်ဘဝကိုသဘာဝကျကျ ရိုးရှင်းစွာ ဖြတ်သန်းနေသူဖြစ် သည်။

မိဘများအပေါ် သိတတ်သည့် သားလိမ္မာတစ်ဦးဖြစ်သကဲ့ သို့ ယာယာအူယာဆာရာ၏ ချစ်ရသည့် ခင်ပွန်းလောင်းတစ်ဦးလည်း ဖြစ်သည်။ **SKY**

## Wang Yi Bo ၏ Discovery Channel Documentary ထွက်ရှိ

တရုတ်အနုပညာရှင် ဝမ်ရိဘို၏ တရုတ်နိုင်ငံရှုခင်းပေါင်း များစွာတွင် သွားရောက်ရိုက်ကူးထားသည့် Discovery Channel Documentary ကို တန်ဆက်မှ ထုတ်လွှင့်မည်ဟု တရားဝင်ကြေညာထားသည်ကို ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ မှတ်တမ်းရုပ်ရှင်ကို နယ်မြေသစ်စူးစမ်းရှာဖွေခြင်းဟု အမည်ပေးထားပြီး ၂၃ရက်တွင် နမူနာ ပြသခဲ့ကာ ဝမ်ရိဘိုပါဝင်ထားသည်။



ဝမ်ရိဘိုသည် ၂၀၂၄ခုနှစ်အတွင်း ရုပ်ရှင်ဇာတ်ကားသစ်ရုံတင်ခြင်း၊ ဒရမ်မာဇာတ်လမ်းတွဲ ထုတ်လွှင့်ခြင်း Promotional Song အသစ်သုံးပုဒ် သီဆိုပေးခြင်း၊ အိုလံပစ်မီးရှူးတိုင်ကိုင်ခြင်း၊ Olympic Qualifier Series နှင့် တရုတ်ကိုယ်စားပြုသံတမန်အဖြစ် တာဝန်ယူခဲ့ခြင်း၊ Wildaid Charity မှတ်တမ်းရိုက်ကူးခြင်း (သင်းခွေချပ်ကာကွယ်စောင့်ရှောက်ရေး)တို့အပြင် Discovery Channel Documentary လည်း ထပ်မံထွက်ရှိလာခြင်းဖြစ်သည်။ **SKY**

## Making Family သည် တရုတ်နှင့်ကိုရီးယားပူးပေါင်း ဖန်တီးထားသည့် ရုပ်ရှင်ဖြစ်

တရုတ်နှင့်ကိုရီးယားပူးပေါင်းဖန်တီးထားသည့် ရုပ်ရှင်Making Family သည် ဘာသာစကားမတူသော်လည်း မိသားစုဆိုသည်မှာ နေရာတိုင်းတွင် တန်ဖိုးရှိကြောင်း ဖော်ပြထားသည့် ရုပ်ရှင်ဖြစ်သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် နာမည်ကျော်မင်းသမီး ကင်ဟာနူး ပါဝင်ထားပြီး တရုတ်ကိုရီးယားမိသားစုဇာတ်လမ်းဖြစ်ကာ အနုပညာရှင်နှစ်မျိုး အင်အားပြသထားသည်။




တစ်ဦးတည်းသော မိသားစုဝင်ဖြစ်သည့် ခင်ပွန်းကွယ်လွန်သွား၍ မှတ်တမ်းရုပ်ရှင်ပရိုဂျူဆာ ကိုရီးယား မိန်းကလေးက အမည်မသိသုတ်ပိုးအလှူရှင်နှင့် ဖန်ပြွန်သန္ဓေယူ၍ သားလေးတစ်ဦးမွေးဖွားခဲ့ရာမှ အရွယ်ရောက်လာချိန် ဉာဏ်ထက်မြက်သည့် သားလေးက ရေခြားမြေခြား တရုတ်ပြည်ထိ အဖေရှာပုံတော်ဖွင့်ခဲ့သည့် ဇာတ်လမ်းဖြစ်သည်။

**SKY**

o-o-o-o-o-o-o

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မြန်မာစကားပုံတွင် ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက် ဟူ၍ ရှိ...
❖ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်...
❖ ထို့ကြောင့် ပညာအသက်သည် ဘဝတစ်သက်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သင်တန်းအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## မိုးကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားလာမှုအပေါ် ကြိုတင်မျှော်တွေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၈

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင်

စာမျက်နှာ ၈ သို့ ✪





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ဂိုးသွင်းအများဆုံး ကစားသမားဆုအတွက် လင်းမြင့်မိုရ်နှင့် စန်းသော်သော်အပြိုင်ဖြစ်နေ

Myanmar Women League 2024 အမှတ်ပေးဘောလုံး ပြိုင်ပွဲ ပြီးဆုံးရန် ပွဲစဉ်တစ်ပွဲသာ ကျန်ရှိနေပြီး လက်ရှိအချိန်တွင်




ဂိုးသွင်းအများဆုံး ကစားသမားစာရင်း၌ ISPE အသင်းမှ လင်းမြင့်မိုရ်နှင့် ဧရာဝတီအသင်းမှ စန်းသော်သော်တို့က သွင်းဂိုး ၁၉ ဂိုးစီဖြင့် ရပ်တည်နေကြသည်။

ဧရာဝတီအသင်းသည် လက်ရှိတွင် ပွဲစဉ်အားလုံး ကစားထားပြီးဖြစ်သည့်အတွက် တိုက်စစ်မှူး စန်းသော်သော်အနေဖြင့် သွင်းဂိုး ၁၉ ဂိုး၌သာ ရပ်တန့်ခဲ့ရသည်။ ISPE အသင်းသည် နောက်ဆုံးပွဲစဉ်အဖြစ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ကစားရန် ကျန်ရှိနေပြီး ISPE တိုက်စစ်မှူး လင်းမြင့်မိုရ် အနေဖြင့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ပွဲတွင် သွင်းဂိုးထပ်မံရရှိပါက ဂိုးသွင်းအများဆုံး ကစားသမားဆု ရရှိမည်ဖြစ်သည်။ အကယ်၍ ယင်းပွဲတွင် တိုက်စစ်မှူးလင်းမြင့်မိုရ်သည် ဂိုးထပ်မံမသွင်းနိုင်ပါက ဧရာဝတီတိုက်စစ်မှူး စန်းသော်သော်နှင့်အတူ ဂိုးသွင်းအများဆုံး ပူးတွဲဆုကိုသာ ရရှိမည်ဖြစ်သည်။

ကစားပြီးခဲ့သည့် Myanmar Women League 2023 အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံးဆုကို ISPE အသင်းမှ ခင်မာလာထွန်းနှင့် မြဝတီ(ယခုဧရာဝတီအသင်း)မှ စန်းသော်သော်တို့က သွင်းဂိုး ၁၆ ဂိုးစီဖြင့် ပူးတွဲရရှိခဲ့ကြောင်း သိရသည်။ (NGB)

## ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ယနေ့မွန်းလွဲမှ နိုဝင်ဘာ ၉ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်

စာမျက်နှာ ၁၀ သို့ ➤